ကြေးမုံ
The Mirror Daily
Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၇၉ ခုနှစ် နယုန်လပြည့် သောကြာနေ့။ Friday, 9 June 2017 (၈၉၅၀)

# မြန်မာနိုင်ငံ၏ တည်ငြိမ်မှုမြှင့်တင်ရေးနှင့် လူသားချင်းစာနာထောက်ထားရေး ကူညီပံ့ပိုးရန် အမေရိကန်ဒေါ်လာ ၈ ဒသမ ၈ သန်း ပေးအပ်သွားမည်ဟု

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကနေဒါနိုင်ငံဝန်ကြီးချုပ်တို့ တွေ့ဆုံအပြီး သတင်းထုတ်ပြန်

**အော်တာဝါ ဇွန် ၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဂျက်စတင် ထရူးဒိုးတို့သည် ဇွန် ၇ ရက် ညနေ ၄ နာရီတွင် ကနေဒါနိုင်ငံ အော်တာဝါမြို့ရှိ ဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံခဲ့ကြသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာ-ကနေဒါ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရေး၊ ကောင်းမွန်သည့် စီမံအုပ်ချုပ်ရေး၊ အမျိုးသမီးနှင့် လူငယ်များ၏ အခန်းကဏ္ဍမြှင့်တင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးအပ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးကဏ္ဍ၌ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ကူညီပံ့ပိုးရေးကိစ္စရပ်များ၊ မြန်မာအစိုးရက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အသွင်ကူးပြောင်းရေးကာလ၌ ကြုံတွေ့နေရသည့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် နည်းလမ်းများကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲအပြီးတွင် ကနေဒါနိုင်ငံက မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းမှုမြှင့်တင်ရေးနှင့် လူသားချင်းစာနာထောက်ထားရေးအတွက် ကူညီပံ့ပိုးသွားရန် အမေရိကန်ဒေါ်လာ ၈ ဒသမ ၈ သန်း ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

အလားတူ မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကနေဒါနိုင်ငံ လွှတ်တော်အဆောက်အအုံ၌

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ✪**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဂျက်စတင် ထရူးဒိုးတို့ တွေ့ဆုံကြစဉ်။

### ငြိမ်းချမ်းရေးကော်မရှင်မှ စေလွှတ်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် DPN တို့ NCA စာချုပ် လက်မှတ်ရေးထိုးနိုင်ရေး ထိုင်းနိုင်ငံတွင် အလွတ်သဘောတွေ့ဆုံမည်

စာမျက်နှာ » ၃

### ပြည်တွင်းဓာတ်မြေဩဇာ စက်ရုံများ၏ အရည်အသွေးနှင့် ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး

ပြည်သူ့လွှတ်တော် စာမျက်နှာ » ၅

### နိုင်ငံသားတိုင်း ပညာသင်ယူမှု အခွင့်အရေးများ မဆုံးရှုံးစေရေး အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

အမျိုးသားလွှတ်တော် စာမျက်နှာ » ၅

### တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် မတော်တဆမှုဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံးက သတင်းထုတ်ပြန်

စာမျက်နှာ » ၈





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါနိုင်ငံအထက်လွှတ်တော်ဥက္ကဋ္ဌ ဂျော့ဖ်ဂျေဖူရေးတို့ တွေ့ဆုံဆွေးနွေးစဉ်။

**❂ မြန်မာနိုင်ငံမှ**

နိုင်ငံခြားရေးဝန်ကြီး မစ္စ ခရစ်ရှာ ဖရီးလန်း(စ်)က တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပြီး ကနေဒါနိုင်ငံ အောက်လွှတ်တော် ဥက္ကဋ္ဌ မစ္စတာ ဂျော့ဖ်ရေဂင်၊ အထက်လွှတ်တော် ဥက္ကဋ္ဌ ဂျော့ဖ်ဂျေဖူရေးတို့နှင့် သီးခြားစီ တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲများတွင် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးအပြင် ကနေဒါနိုင်ငံ၏ ဖက်ဒရယ်စနစ်ဆိုင်ရာ အတွေ့အကြုံများ မျှဝေရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလ၌ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို အောင်မြင်စွာ ကျော်လွှားနိုင်ရန် ကနေဒါနိုင်ငံမှ ကူညီပံ့ပိုးသွားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် အော်တာဝါမြို့ရှိ ခေတ္တတည်းခိုသည့် ဖဲရားမောင့် ရှာတိုလော်ရေးဟိုတယ်၌ ကနေဒါရောက် မြန်မာနိုင်ငံသားများနှင့် တွေ့ဆုံခဲ့ပြီး ၎င်းတို့၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

တွေ့ဆုံပွဲများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ မြန်မာသံအမတ်ကြီး ဦးကျော်မျိုးထွဋ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါ-မြန်မာလွှတ်တော် ချစ်ကြည်ရေးအဖွဲ့ဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေး



**အော်တာဝါ ဇွန် ၈**

အော်တာဝါမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါ-မြန်မာလွှတ်တော်ချစ်ကြည်ရေးအဖွဲ့ ဥက္ကဋ္ဌ ကနေဒါအောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ ဘရုစ်စတန်ဘန်တို့သည် ယနေ့နံနက်ပိုင်းတွင် ခေတ္တတည်းခိုသည့် ဟိုတယ်၌ တွေ့ဆုံဆွေးနွေးကြသည်။**(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ မြန်မာသံအမတ်ကြီး ဦးကျော်မျိုးထွဋ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

❏

# ငြိမ်းချမ်းရေးကော်မရှင်မှစေလွှတ်သည့်ကိုယ်စားလှယ်အဖွဲ့နှင့် DPN တို့ NCA စာချုပ် လက်မှတ်ရေးထိုးနိုင်ရေး ထိုင်းနိုင်ငံတွင် အလွတ်သဘောတွေ့ဆုံမည်

**ရန်ကုန် ဇွန် ၈**

ငြိမ်းချမ်းရေးကော်မရှင်မှ ဦးအောင်စိုးဦးဆောင်သော ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့မှ ဦးလှမောင်ရွှေ၊ ဒေါက်တာမင်းဇော်ဦးတို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) တို့သည် ဇွန် ၁၀ ရက်တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ အလွတ်သဘော ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက “အဓိကကတော့ DPN နဲ့ NCA လက်မှတ်ရေးထိုးနိုင်ဖို့ ဆက်လက်ညှိနှိုင်းရမယ်။ NCA လက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးပွဲတွေမှာ UNFC ပါဝင်လာနိုင်ဖို့အတွက် အစိုးရက အဓိကရည်ရွယ်ပါတယ်။ NCA လက်မှတ်ရေးထိုးနိုင်ဖို့အတွက် အလွတ်သဘော တွေ့ဆုံတာပါ”ဟုပြောသည်။

ငြိမ်းချမ်းရေးကော်မရှင်မှစေလွှတ်သည့် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် DPN နှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးရာတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို UNFC အနေဖြင့် လက်မှတ်ရေးထိုး၍နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်လာနိုင်ရန်ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

UNFC တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးထွန်းဇော်က “နဂိုမူလကလည်း ဒီလ ၁၂ ရက်မတိုင်ခင် တွေ့ဆုံမယ်ဆိုတဲ့အကြောင်းကို ညှိနှိုင်းထားပြီး ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကော်မရှင်ကပထမတော့ ရန်ကုန်မှာတွေ့ဖို့လိုလားတယ်။ ရန်ကုန်သွားမယ်ဆိုရင် ဒီကာလထဲမှာ ကျွန်တော်တို့ဘက်က အလျင်မမီနိုင်တော့ ချင်းမိုင်မှာတွေ့ကြရအောင်ဆိုပြီး ညှိနှိုင်းပါတယ်။ ငြိမ်းချမ်းရေးကော်မရှင်က ၁၀ ရက်နေ့ ချင်းမိုင်မှာလာတွေ့မယ်ဆိုတဲ့ အကြောင်းအတည်ပြုပါတယ်”ဟုပြောသည်။

ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) ၏ ညီလာခံကို ဇွန်လတတိယပတ်တွင် ပြုလုပ်ရန် ရည်ရွယ်ထားသည်။

ဦးထွန်းဇော်က ဆွေးနွေးဖို့ကတော့ တပ်ပိုင်းဆိုင်ရာကိစ္စမှာတော်တော်များများ ညှိနှိုင်းဖို့ကျန်ပါသေးတယ်။ နိုင်ငံရေးပိုင်းဆိုင်ရာကိစ္စတွေမှာလည်း နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်နဲ့ ပတ်သက်နေတဲ့ သုံးပွင့်ဆိုင် ကဏ္ဍတွေ တွေ့ဆုံဆွေးနွေးဖို့ရှိတယ်။ ဒါတွေကိုညှိနှိုင်းဖို့ ကျန်ပါသေးတယ်။ အဓိကတော့ အဲဒီအချက်တွေကို ဘယ်လိုနည်းလမ်းရှာရမလဲဆိုတာတွေ ညှိနှိုင်းသွားဖို့ရှိပါတယ်”ဟုပြောသည်။

UNFC အဖွဲ့ဝင်များ NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက်တွေ့ဆုံဆွေးနွေးမည့်အချိန်များ လုံလောက်ကြောင်းကို ဦးလှမောင်ရွှေက “UNFC ညီလာခံပြီးရင်တော့ ငြိမ်းချမ်းရေးကော်မရှင်နဲ့ DPN တို့ လိုအပ်တဲ့အချက်အလက်တွေ လာရောက်ဆွေးနွေးညှိနှိုင်းနိုင်ဖို့ မျှော်လင့်တယ်။ နောက်ထပ်ကျင်းပမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးက ခြောက်လလောက်လိုသေးတော့ UNFC နဲ့ ကျွန်တော်တို့ ဆွေးနွေးချိန် ရပါတယ်”ဟုပြောသည်။

ယခုတွေ့ဆုံမှုသည် ငြိမ်းချမ်းရေးကော်မရှင်အနေဖြင့် UNFC အဖွဲ့ဝင်များ NCA လက်မှတ်ထိုးပြီး နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်လာနိုင်ရေးအတွက် အလွတ်သဘောညှိနှိုင်းမှုများ ပြုလုပ်ခြင်းဖြစ်ပြီး UNFC ညီလာခံအပြီးတွင် ရန်ကုန်သို့လာရောက်၍ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို တွေ့ဆုံ၍ ဆက်လက်ညှိနှိုင်းမှုများ ပြုလုပ်သွားရန်ရည်ရွယ်ထားကြောင်းသိရသည်။



**မတ်လ ၃ ရက်က ရန်ကုန် NRPC တွင်ပြုလုပ်သည့် ငြိမ်းချမ်းရေးကော်မရှင်နှင့် DPN တို့၏ စတုတ္ထအကြိမ် အစည်းအဝေးကို တွေ့ရစဉ်။**

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# အမေရိကန်နှင့်ဥရောပ ၂၃ နိုင်ငံတို့လာမည့်လတွင် အကြီးစားစစ်ရေးလေ့ကျင့်မှု ပြုလုပ်မည်



**ဝါရှင်တန် ဇွန် ၈**

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပမိတ်ဖက်နိုင်ငံပေါင်း ၂၃ နိုင်ငံတို့မှ စစ်ဘက်ဆိုင်ရာတပ်ဖွဲ့ဝင် ၂၅၀၀၀ ခန့်သည် “ဆာဘား ဂါဒီယန်” ဟု အမည်ပေးထားသော အကြီးစားစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို လာမည့်လတွင် ပြုလုပ်ရန် စီစဉ်ထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်နှင့် ဥရောပနိုင်ငံများ၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဘူဂေးရီးယား၊ ဟန်ဂေရီနှင့် ရိုမေးနီးယားနိုင်ငံတို့၌ ပြုလုပ်ရန် စီစဉ်ထားသည်။

ထိုစဉ်အတွင်း ဘောလ်တစ်ဒေသနှင့် ဥရောပရှိ အခြားသောဒေသများ၌ သီးခြားပြုလုပ်မည့် နိုင်ငံစုံ စစ်ရေးလေ့ကျင့်မှုနှစ်ခုတွင် ပူးပေါင်းပါဝင်ရန် အမေရိကန် ဘီ-၁ ဘီအမျိုးအစား အကြီးစား ဗုံးကြဲလေယာဉ်အချို့သည် ဗြိတိန်နိုင်ငံသို့ ဆိုက်ရောက်လာခဲ့သည်။ ယခုလအတွင်း ပြုလုပ်မည့် အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် မိတ်ဖက်နိုင်ငံများအတွင်း စစ်ရေးအရ ညှိနှိုင်းဆောင်ရွက်မှု တိုးမြှင့်ပြုလုပ်နိုင်ရန် ရည်ရွယ်သည်။

အမေရိကန်က ဥရောပမိတ်ဖက်နိုင်ငံများနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မည့် အစီအစဉ်များကို ဂျာမနီနိုင်ငံ စတုဂတ်မြို့ အခြေစိုက် အမေရိကန် ဥရောပစစ်ဌာနချုပ်က ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၁၃ ခုနှစ်မှစ၍ ပင်လယ်နက်ဒေသ၌ နှစ်စဉ်ကျင်းပလာခဲ့သော ဆာဘားဂါဒီယန်ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ယခင် စစ်ရေးလေ့ကျင့်မှုများထက် ပိုမိုကြီးကျယ်လိမ့်မည်ဖြစ်ကြောင်း အမေရိကန် ဥရောပစစ်ဌာနချုပ်က ပြောကြားသည်။

အမေရိကန်နှင့် ဥရောပမဟာမိတ်နိုင်ငံများပူးတွဲစစ်ရေးလေ့ကျင့်မည်ဆိုသော သတင်းပေါ်ထွက်လာရာ နဂိုမူလကပင်လျှင် တင်းမာမှု မြင့်မားနေသော အမေရိကန်နှင့် ရုရှားအကြား တင်းမာမှုထပ်မံပေါ်ထွက်လာနိုင်ကြောင်း နိုင်ငံရေးအကဲခတ်များက ပြောကြားသည်။ **ရိုက်တာ။**



# ပြုံယမ်း၏ ဒုံးကျည်စမ်းသပ်လွှတ်တင်မှုအပေါ် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင် ရှုတ်ချ

**ဆိုးလ် ဇွန် ၈**

တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်က ပြုံယမ်း၏ ဒုံးကျည်ပစ်လွှတ်စမ်းသပ်မှုကို ရှုတ်ချခဲ့ကြောင်း ယနေ့သတင်းများအရသိရသည်။

“တောင်ကိုရီးယားနိုင်ငံ၏ အမျိုးသားလုံခြုံရေးကို ထိခိုက်စေသည့် မည်သည့်လုပ်ဆောင်ချက်မျိုးကိုမျှ လက်ခံမည်မဟုတ်ကြောင်း” ဇွန် ၈ ရက် နံနက်ပိုင်းတွင် မြောက်ကိုရီးယားနိုင်ငံက တာတိုပစ် ချူကလီးယား ဒုံးကျည်များ ပစ်လွှတ်ခဲ့ပြီးနောက် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်က အထက်ပါမှတ်ချက်စကားကို ပြောကြားခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံ အရှေ့ပိုင်းရှိ ဝန်ဆန်မြို့မှ ပစ်လွှတ်ခဲ့သော ဒုံးကျည်များသည် ဂျပန်ပင်လယ်ထဲသို့ ရောက်ရှိမဆင်းသက်မီ ပင်လယ်ပြင်အထက် အမြင့် ၂၀၀၀ ကီလိုမီတာခန့်အထိ မြင့်တက်ခဲ့သည်။

ပြုံယမ်း၏ ချူကလီးယားဒုံးကျည်စမ်းသပ်ပစ်လွှတ်ပြီးနောက် မကြာမီ အချိန်အတွင်းတွင် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်က အမျိုးသားလုံခြုံရေးကောင်စီအစည်းအဝေးတစ်ရပ်ကို အရေးပေါ်ခေါ်ယူခဲ့ကြောင်း သိရသည်။

ပြုံယမ်းအနေဖြင့် ယခုကဲ့သို့ ချူကလီးယားဒုံးကျည်များကို ပစ်လွှတ်စမ်းသပ်ခြင်း၏ အကျိုးရလဒ်သည် နိုင်ငံတကာ၏ စီးပွားရေးပိတ်ဆို့မှုဒဏ်ကို ရင်ဆိုင်ရုံမှတစ်ပါး အခြားမရှိဟု သမ္မတမွန်၏ ပြောကြားချက်ကိုကိုးကားပြီး တောင်ကိုရီးယားသမ္မတရုံးက ဆိုသည်။ မြောက်ကိုရီးယားနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများ ဆုံးရှုံးနစ်နာရကြောင်း သမ္မတမွန်က ဆက်လက်ပြောကြားခဲ့သည်။

ထို့ပြင် သမ္မတမွန်က အမျိုးသားလုံခြုံရေးနှင့် ပြည်သူတို့အပေါ် ထိခိုက်နစ်နာစေမည့် လုပ်ရပ်မျိုး ၎င်းအနေဖြင့် လုပ်ဆောင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

သမ္မတမွန် ရာထူးတာဝန်များစတင်ထမ်းရွက်သည့် လွန်ခဲ့သောလကစပြီး မြောက်ကိုရီးယားနိုင်ငံက ချူကလီးယားဒုံးကျည်များ သုံးကြိမ်တိုင်တိုင် စမ်းသပ်ပစ်လွှတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ပြုံယမ်းအနေဖြင့် ချူကလီးယားဒုံးကျည် တာတို၊တာလတ်၊တာဝေးပစ်လွှတ်နိုင်သည့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ကြောင်း သက်သေပြလိုသည့်အနေဖြင့် ဒုံးကျည်များ အဆက်မပြတ် ပစ်လွှတ်စမ်းသပ်ခြင်းဖြစ်သည်ဟု တောင်ကိုရီးယားတပ်မတော်က ရှုမြင်သုံးသပ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

❐

# ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရန် ကြေညာမှုကြောင့် အီရတ်အစိုးရအဖွဲ့နှင့် ကာ့ဒ်များ တင်းမာမှုမြင့်တက်

**ဘဂ္ဂဒက် ဇွန် ၈**

အီရတ်နိုင်ငံ၏ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဖြစ်သော ကာဒစ္စတန်ဒေသ၏ ဒေသန္တရအစိုးရအဖွဲ့က လွတ်လပ်ရေးကြေညာရန် လိုလားခြင်းရှိ၊ မရှိ ဆန္ဒတောင်းခံမည့် ပြည်သူ့ဆန္ဒခံယူပွဲကို ကျင်းပမည်ဟု ကြေညာလိုက်ရာ ဘဂ္ဂဒက်ရှိ အီရတ်ဗဟိုအစိုးရအဖွဲ့နှင့် ရှီးယိုက်ပြည်သူ့စစ်များက တစ်ဖက်၊ ကာ့ဒ်မဟာမိတ်များက တစ်ဖက် တင်းမာမှုများ မြင့်တက်လာနေကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇွန် ၈ ရက်တွင် သတင်းထုတ်ပြန်သည်။



လွတ်လပ်ရေးကြေညာရန် လိုလားခြင်း ရှိ၊ မရှိ ဆန္ဒတောင်းခံသည့် ပြည်သူ့ဆန္ဒခံယူပွဲကို ယခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ကျင်းပရန် ရက်သတ်မှတ်လိုက်ကြောင်း ကာ့ဒ်ခေါင်းဆောင် မာဆွတ်ဘာရာဇာနီက အင်တာနက်တွစ်တာမှ တစ်ဆင့် ထုတ်ပြန်ကြေညာခဲ့သည်။

ပြည်သူ့ဆန္ဒခံယူပွဲကို အငြင်းပွားမှုဖြစ်ပေါ်လျက်ရှိသော ကယ်ကွတ်ဒေသနှင့် ဗဟိုအစိုးရအဖွဲ့က ၎င်း၏ အာဏာစက်အောက်တွင် ရှိသည်ဟု ဆိုသော ဒေသသုံးခုတို့တွင် ပြုလုပ်သွားမည်ဟု ဘာဇာနီ၏လက်ထောက် ဟယ်မင်းဟာရာမီက ပြောကြားသည်။

ကာ့ဒ်ပြည်သူ့ဆန္ဒခံယူပွဲကို မိမိတို့ ဆန့်ကျင်ကန့်ကွက်သွားမည်ဟု အီရတ်အာဏာရ ရှီးယိုက်ညွန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌအယ်လ်ဟာခင်က ဧပြီလအတွင်း ပြောကြားခဲ့သည်။ ရေနံပေါကြွယ်ဝသော ကယ်ကွတ်မြို့ကို ပိုင်နက်နယ်မြေတစ်ခုအဖြစ် သွတ်သွင်းမှုကို လုံးဝလက်ခံမည်မဟုတ်ကြောင်း အယ်လ်ဟာခင်က ကာ့ဒ်များကို သတိပေးခဲ့သည်။

ကာ့ဒ်နိုင်ငံရေး ပါတီများ တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပမည့်နေ့ရက်ကို သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကာဒစ္စတန်ဒေသန္တရ အစိုးရအဖွဲ့၏ အကြီးအကဲ ဘာဇာနီက ကာ့ဒ်ပါတီများ၏ တွေ့ဆုံဆွေးနွေးပွဲတွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

**ရိုက်တာ။**

# ကိုယက်ဗ်မြို့ရှိ အမေရိကန်သံရုံးဝင်းအတွင်း ပေါက်ကွဲမှုဖြစ်ပွား ထိခိုက်ဒဏ်ရာရမှု မရှိဟုဆို

**ကိုယက်ဗ် ဇွန် ၈**

ယူကရိန်းနိုင်ငံ ကိုယက်ဗ်မြို့ရှိ အမေရိကန် သံရုံး အဆောက်အအုံခြံဝင်းအတွင်းသို့ ဇွန် ၈ ရက် ညပိုင်းက အမည်မသိတိုက်ခိုက်သူ တစ်ဦးက ဖောက်ခွဲရေးပစ္စည်း တစ်ခုကို ပစ်သွင်းခဲ့ကြောင်း၊ ၎င်းပေါက်ကွဲမှုကြောင့် တစ်စုံတစ်ဦးမျှ ထိခိုက်ဒဏ်ရာရမှု မရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဇွန် ၈ ရက် ည ဒေသစံတော်ချိန် ၁၂ နာရီ ၅ မိနစ်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာတွင် ရဲတပ်ဖွဲ့က အရေးပေါ်တုံ့ပြန်ရေးတပ်ဖွဲ့ကို သံရုံးအဆောက်အအုံခြံဝင်းအတွင်းသို့ စေလွှတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ မသင်္ကာဖွယ်ရာ အကြမ်းဖက်တိုက်ခိုက်မှုအဖြစ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သော်လည်း နောက်ပိုင်းတွင် စုံစမ်းစစ်ဆေးမှုကို အဆင့်လျှော့ချခဲ့သည်။

အမေရိကန်သံရုံး အဆောက်အအုံအတွင်းသို့ ပေါက်ကွဲစေနိုင်သည့် ပစ္စည်းတစ်ခုကို ပစ်သွင်းခဲ့သော်လည်း ထိခိုက်ဒဏ်ရာရခြင်းမရှိခဲ့သဖြင့် လူတစ်ဦး၏ ရမ်းကားမှုသာလျှင်ဖြစ်ကြောင်း အမျိုးသားရဲတပ်ဖွဲ့ အကြီးအကဲ ဆာဟေးကနီယာဇေ့က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

၎င်းဖြစ်ရပ်မှာ အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ်ဟု ယုံကြည်ဖွယ်ရာ မရှိကြောင်း ပစ်ခတ်ခဲ့သော ပစ္စည်းမှာလည်း မီးလောင်မှုအသေးစားကိုသာ ဖြစ်ပွားစေသည့် ပစ္စည်းဖြစ်ကြောင်း အမေရိကန်သံရုံး၏ အင်တာနက်ဖေ့ဘွတ်စာမျက်နှာ၌ ရေးသားဖော်ပြထားပြီးနောက် ရဲတပ်ဖွဲ့၏ ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

**ရိုက်တာ။**

❐

# ပြည်တွင်းဓာတ်မြေသြဇာစက်ရုံများ၏ အရည်အသွေးနှင့် ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဇွန် ၈

**ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်း(၅)ခုမေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာ(၁)ခုတင်သွင်းခြင်း၊ ဥပဒေကြမ်း(၁)ခု လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် အဆို(၁)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။**




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

အစည်းအဝေးတွင် မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း၏ **မတူပီမြို့နယ်တွင် ၆၆ ကေဗွီ မဟာဓာတ်အားလိုင်းသွယ်တန်းပေးရေးအမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ၆၆ ကေဗွီ မင်းတပ်-မတူပီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းအတွက် ထပ်မံ လိုအပ်သောရန်ပုံငွေများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေတွင်လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင်လည်းကောင်း ဆက်လက်တောင်းခံသွားမည်ဖြစ်ပါကြောင်း၊ ရန်ပုံငွေလုံလောက်စွာရရှိသောနှစ်တွင် စီမံကိန်းများပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး၏ **လေရှီးမြို့နယ်ရှိ ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် နန့်ဝန်ချောင်းနှင့် နန်းသလက်ချောင်းများတွင် အသေးစားနှင့် အလတ်စား ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က နန့်ဝန်ချောင်းနှင့် နန်းသလက်ချောင်းမှ အသေးစား(သို့မဟုတ်)အလတ်စား ရေအားလျှပ်စစ်ထုတ်ယူနိုင်ရေးအတွက် သက်ဆိုင်ရာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် စူးစမ်းတိုင်းတာမှုလုပ်ငန်းများဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေးသွားမည်ဖြစ်ပါကြောင်း၊ နည်းပညာဆိုင်ရာအကူအညီများ လိုအပ်ပါက ဝန်ကြီးဌာနအနေဖြင့် ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်တင်လင်း၏ **နတ်မောက်မြို့နယ် ရွာမွန်ကျေးရွာအနီးတွင် ၆၆/၁၁ ကေဗွီ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရွာမွန်ကျေးရွာအနီးတွင် ၆၆/၁၁ ကေဗွီ(၅)အမ်ဗွီအေ ဓာတ်အားခွဲရုံ (၁) ရုံနှင့် ၆၆ ကေဗွီ ဓာတ်အားလိုင်း ၂၆ မိုင် တည်ဆောက်ခြင်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန် ရန်ပုံငွေစုစုပေါင်း ငွေကျပ် ၄၀၉၈ ဒသမ ၅၁၈ သန်း လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သွားမည့် (၅)နှစ်စီမံချက်တွင် ထည့်သွင်းရေးဆွဲထားပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားရှိပါကြောင်း ဖြေကြားသည်။

ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ၏ **၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျောက်ကြီးမြို့နယ် မုန်းမြို့၌ ၃၃/၁၁ ကေဗွီ(၃)အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် N.E.P စီမံချက်အတိုင်း လုပ်ဆောင်နိုင်ခြင်း ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မုန်းမြို့ အမှတ်(၅)ရပ်ကွက်တွင် ၃၃ ကေဗွီ ဓာတ်အားခွဲရုံ (၁)ရုံ တည်ဆောက်ပေးရန် ဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သွားမည့် (၅)နှစ်စီမံချက်တွင် ထည့်သွင်းရေးဆွဲထားပါကြောင်း၊ မုန်းမြို့၌ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၆ မိုင်နှင့် ၃၃/၁၁ ကေဗွီ(၅)အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ရန် ရန်ပုံငွေကျပ်သန်းပေါင်း ၁၄၇၆ ဒသမ ၂၅ သန်း လိုအပ်ပါကြောင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာငွေရရှိပါက အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်ထားပါကြောင်း ဖြေကြားသည်။

ရေနံချောင်းမဲဆန္ဒနယ်မှ ဦးသာချို(ခ)ဦးတင်ကြိုင်၏ **ရေနံချောင်းမြို့တွင်** စာမျက်နှာ ၇ သို့ ✱

# နိုင်ငံသားတိုင်း ပညာသင်ယူမှုအခွင့်အရေးများ မဆုံးရှုံးစေရေး အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၈**

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးကဏ္ဍတွင် တစ်သက်တာသင်ယူရေး၊ လူတိုင်းအကျိုးဝင်ပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ အဆင့်မြင့်ပညာရေးစသည့် ကဏ္ဍစုံမှ ပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာသင်ယူလိုသည့် နိုင်ငံသားတိုင်းအား ပညာသင်ယူမှုအခွင့်အရေးများ မဆုံးရှုံးစေရေးအတွက် အမျိုးသားပညာရေးဥပဒေများနှင့်အညီ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)ဖြင့် စနစ်တကျ ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့တွင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးအောင်ကျော်စိုး၏ **ပညာရပ်များ စဉ်ဆက်မပြတ်သင်ယူလေ့လာလိုသည့် သင်ယူသူတိုင်းအားလုံးနှင့် အကျုံးဝင်သော ပေါင်းကူးပညာရေးစနစ်အား အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ပညာရေးဥပဒေတွင် ထည့်သွင်းရေးဆွဲထားခြင်း ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အထက်ပါအတိုင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနအနေဖြင့် လက်ရှိကျောင်းပြင်ပမူလတန်းပညာရေး၊ ကျောင်းပြင်ပအလယ်တန်းပညာရေး လုပ်ငန်းများကို တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စာသင်ဝိုင်းများမှပြီးမြောက်သည့် ကလေးများကို တန်းညှိအစီအစဉ် (Equivalency Programme)အရ အခြေခံပညာကျောင်းများသို့ တက်ရောက်သင်ယူခွင့်ပြုလျက်ရှိပါကြောင်း။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် ၎င်းတို့အောက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံများတွင် ဖွင့်လှစ်သင်ကြားနေသည့် ပုံမှန် A.G.T.I ဒီပလိုမာ ၃နှစ်သင်တန်းများသို့ တက်ရောက်ပြီးစီးသည့် သင်တန်းသားများအနေဖြင့် အရည်အချင်းပြည့်မီပါက မိမိတို့၏ အထူးပြုအင်ဂျင်နီယာဘာသာရပ်များအလိုက် နည်းပညာတက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း နည်းပညာဘွဲ့သင်တန်းများသို့ ပေါင်းကူးသင်ယူခွင့်ရရှိပြီးဖြစ်ပါကြောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများသည် ကျောင်းတစ်ကျောင်းမှ အခြားကျောင်းတစ်ကျောင်းသို့ ပြောင်းရွှေ့ပညာသင်ကြားလိုပါက သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ သဘောတူညီချက်များရယူကာ သက်ဆိုင်ရာကျောင်းများ၏ ကျောင်းသားလက်ခံနိုင်သော ပမာဏပေါ်မူတည်၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အစိုးရနည်းပညာ အထက်တန်းကျောင်းများမှ ထူးချွန်စွာအောင်မြင်ပြီး နည်းပညာတက္ကသိုလ်အသီးသီးသို့ တက်ရောက်ပညာသင်ကြားနေစဉ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် အဆိုပါတက္ကသိုလ်များတွင် ဆက်လက်မတက်ရောက်ဘဲ အဝေးသင်တက္ကသိုလ်များသို့ ကူးပြောင်းတက်ရောက်လိုပါက ၎င်းတို့တက်ရောက်ပညာသင်ကြားခဲ့ကြသည့် နည်းပညာတက္ကသိုလ်များမှ ကျောင်းပြောင်းရွှေ့ရန် သင်တန်းဆိုင်ရာ ထောက်ခံချက်(သို့မဟုတ်) နုတ်ထွက်စာတောင်းခံ၍ တက်ရောက်ခွင့်ရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ်မှ အောင်မြင်သူများသည် တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုခဲ့ခြင်းမရှိသော်လည်း တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်သည်ဟု သတ်မှတ်ထားပါသဖြင့် ၎င်းတို့အား လုပ်ငန်းခွင်အတွင်း ပညာဆက်လက်သင်ယူနိုင်ရန်အတွက် အဝေးသင်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ယူခွင့်ပြုပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ စောယှားဖောင်အွာနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်တို့၏ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၏ **ထောင်စုနှစ်ရည်မှန်းချက် (၁၇) ချက်မှ စတုတ္ထအချက်ဖြစ်သော Quality Education အတွက် မြန်မာနိုင်ငံရှိ ပညာရေးကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် အထွေထွေဘာသာရပ်အခန်း၌ "မျိုးဆက်ပွားကျန်းမာရေး"၊ "ပြည်သူ့နီတိ"၊ "ဒီမိုကရေစီ" တို့ကို ဘာသာရပ်များအဖြစ် မိတ်ဆက်သင်ပေးရုံမျှမက လက်ခံကျင့်သုံးရန် စီမံဆောင်ရွက်ပေးစေလိုကြောင်း** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေးက အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဆိုသည့် အဓိပ္ပာယ်ပြည့်ဝသည့် ဆောင်ပုဒ်ကို ဆန်းစစ်ကြည့်ပါက အမျိုးသားစည်းကမ်းကောင်းစေရန် ပုံစံကျပညာရေး Formal Education ဖြစ်သည့် စာသင်ကျောင်းများတွင် စနစ်တကျသင်နိုင်မည်ဆိုသည်ကို ရည်ညွှန်းနေပါကြောင်း၊ ပြည်သူ့နီတိဘာသာရပ်ကို သင်ကြားပေးသည့်အခါတွင် ထိထိရောက်ရောက်စွဲမြဲနေရန် လိုအပ်ပါကြောင်း၊ ထိုသို့ ထိရောက်စွဲမြဲနေစေရန်အတွက် ပညာသင်ယူမှုဖြစ်စဉ်(၃)ရပ်ကို ဆက်စပ်မိစေရန် လုပ်ဆောင်ရပါကြောင်း၊ သိသင့်သည့် ကျင့်ဝတ်များကို စတင်ဝေမျှစေခြင်း၊ အဆိုပါကျင့်ဝတ်များအတိုင်း နေ့စဉ်ဘဝများတွင် အကျွမ်းတဝင်ဖြစ်စေခြင်းနှင့် အစဉ်စွဲမြဲသွားခြင်းဆိုသည့် အဆင့်များကို ဆရာ ဆရာမများမှ အလေးအနက်ဂရုစိုက်ပြင်ဆင်သင်ကြားရန် လိုအပ်ပါကြောင်း။

ပညာရေးတွင် ဗလငါးတန်ဖွံ့ဖြိုးရန်အတွက် ပြည်သူ့နီတိပညာ အထူးလိုအပ်ပါကြောင်း၊ ပြည်သူ့နီတိသည် နိုင်ငံသားကောင်းတစ်ယောက်ဖြစ်လာစေရန် ရည်ရွယ်၍ သင်ကြားပို့ချရသော ဘာသာရပ်ဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက်လည်း လမ်းညွှန်ပညာရပ်ဖြစ်သောကြောင့် ပြည်သူ့နီတိဘာသာရပ်ကို အခြေခံကျောင်းများတွင်သာမက ပညာရေးကောလိပ်များတွင်လည်း အသက်ဝင်လာအောင် အလေးထားသင်ပြပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးငွန်ဟေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးအောင်မျိုးလတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မကြီးနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊ ပြည်သူ့စာရင်းကိုင်များပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်း၊ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# ရာသီဥတုပြောင်းလဲမှုသည် လူမှုဘဝကိုခြိမ်းခြောက်သကဲ့သို့ရှိသော်လည်း မိုးသည် လယ်ယာလုပ်ငန်းနှင့် ပနံသင့်လှသည်

ဒေါက်တာ မောင်ဖြေ

**မြန်မာနိုင်ငံ၌ ဥတုများတွင် နွေသုံးလ၊ မိုးငါးလနှင့် ဆောင်းလေးလဟူ၍ ရှိသည်။ မိုးငါးလတွင် "နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်" တို့ပါဝင်ကာ မိုးရွာသောလများဖြစ်သည်။ နယုန်လတွင် အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တို့မှ မြန်မာပြည်သို့ စတင်ဝင်ရောက်လာတော့သည်။**

နယုန်လသည် မိုးရာသီရောက်သောလဖြစ်သည့်အလျောက် လယ်သမားတို့သည် ပျိုးကြဲကြသည်။ စိန္တကျော်သူဦးဩက "နယုန်ဝါလကြဲကြပျိုးထောင်"ဟု စပ်ဆိုခဲ့သည်။ ဤကဲ့သို့ ပျိုးထောင်ပျိုးကြဲအလုပ်ကို တောင်သူလယ်သမားတို့ ပြင်ဆင်ကြသောအခါ စိုက်ပျိုးရေး၌ အောင်မြင်စေကြောင်း ရည်စူး၍ "ပုန်းမကြည်ပွဲ"ကို ကျင်းပပူဇော်ကြသည်။ ကောက်ညှင်းပေါင်းကို ဘဲဥပြုတ်နှင့်တကွ ပန်းကန်ထဲထည့်၍ သတ်မှတ်ထားသော လယ်မြေတစ်ဝိုက်၌ ပသပြီးလျှင် မြေပြင်ကို ရေသွန်းလောင်းရသည်။ ပုန်းမကြည်ဟူသော ဝေါဟာရမှာ ပုဇ္ဇကြယ်ဟူသော ဝေါဟာရမှဆင်းသက်လာကြောင်း အဆိုရှိသည်။ ပုဇ္ဇကြယ်ကိုပသခြင်းကြောင့် ပုန်းမကြည်ပွဲဟုခေါ်သည်ဟု ဆိုသည်။

အချိန်အခါအလျောက် မိုးကိုအားကိုးနေကြသော တောင်သူလယ်သမားများသည် ဤကာလ၌ အာဒိမာသ လုပ်ငန်းစရမည်ကို သိကြပြီးဖြစ်၏။ မိမိတို့၏လုပ်ငန်းဖြစ်သော ဆန်ရရှိရေးအတွက် မိုးစပါး၊ ဝါ၊ ပြောင်း၊ နှမ်း၊ ဂျုံ၊ ပဲစသည်တို့ စိုက်ပျိုးရန် မိုးကိုအမှီပြု၍ ထွန်ကြ၊ ယက်ကြ၊ စိုက်ကြ၊ ပျိုးကြရန် ပြင်ဆင်ပြီးဖြစ်၏။ လယ်ယာလုပ်ငန်းခွင်၌ လယ်ထွန်ခြင်းအမှုပြုရတော့သည်။ သိဒ္ဓတ္ထမင်းသားကိုဖွား၍ တစ်လမြောက်သောအခါ ခမည်းတော်မင်းတရားသည် များစွာသော မှူးမတ်ဗိုလ်ပါ အခြွေအရံတို့နှင့် ထွက်ချီစံပယ်၍ လယ်ထွန်မင်္ဂလာပြုပုံကို ဇိနတ္ထပကာသနီကျမ်း၌ ဖော်ပြထားသည်။

"ဆဒ္ဒန်ရှင်ရွှေထွန်နှင့်ကယ်၊ ကျွန်းခွင်ကအေးလေ့" အစချီသည့် သံတော်ဆင့်မြို့စားဦးစီ၏ ဖွဲ့ဆိုထားသော ဗုံကြီးသံကိုလေ့လာခြင်းဖြင့် ရှေးခေတ်ကဘုရင်များသည်လည်း လယ်ထွန်မင်္ဂလာပွဲပြုကာ စိုက်ပျိုးရေးအားပေးခဲ့ကြသည်ကို တွေ့ရပေမည်။

မိုးများရွာသွန်းစပြုသော မိုးရာသီတွင် ကျေးလက်ဒေသများမှ တောင်သူလယ်သမား ဦးကြီးများသည် လယ်ယာလုပ်ငန်းခွင်တွင် လယ်ထွန်ခြင်း၊ ပျိုးထောင်ခြင်းများကိုလုပ်ခြင်းသည် တာဝန်တစ်ရပ်ဖြစ်၏။ ပျိုးခင်းများမှ ပျိုးနုတ်ကာ ထွန်ယက်ထားသော လယ်တောမြေတွင် ကောက်စိုက်သူတို့က ကောက်စိုက်ကြရသည်။ ပြည့်ဝမ်းစာအတွက် နေပူမရှောင်၊ မိုးရွာမရှောင် အလုပ်လုပ်ကြရသော တောင်သူလယ်သမားများ၏ လုပ်အားအလှသည် မိုးရာသီတွင် ရွှင်လန်းဖွယ်မြင်တွေ့ကြရမြဲဖြစ်သကဲ့သို့ မိုးကိုလေ့လာသတိပြုကြရမည်။

မိုးရာသီ၏ဖွားဖက်တော်မှာ မိုးချုန်းသံဖြစ်သည်။ မိုးချုန်းသံသည် လျှပ်ပြက်သည့်နောက်မှ တစ်ပါတည်းထက်ကြပ်မကွာ လိုက်ပါလာတတ်သည်။ မိုးဦးကျသည်နှင့် အနောက်တောင်ဆီမှ မိုးချုန်းသံဖြင့် ကြိုဆိုကြသည်။ မိုးဦးမှ မိုးလယ်ဆီသို့ ချဉ်းကပ်လာသည့်အခါတွင် ကောင်းကင်တစ်ခွင် မိုးမရွာသော်လည်း မိုးချုန်းလာတတ်သည်။ နယုန်မိုးသေးမြက်သားမွေး စကားစဉ်အတိုင်း လျှပ်ပန်းလျှပ်နွယ်များယှဉ်၍ မိုးချုန်းသံများဖြင့် မိုးသေးမိုးဖွဲများ ရွာလာတတ်သည်။

နယုန်မိုးသေးသည် အခါခပ်သိမ်း မိုးသေးမဟုတ်ပေ။ တစ်ခါတစ်ရံ မြစ်ရေတိုး ကွင်းရေလျှံသည်အထိ ရွာသွန်းတတ်သည်။ ထို့ကြောင့် မြစ်ချောင်းနားနေသူတို့အဖို့ ကြောက်မက်ဖွယ်မိုးပင်ဖြစ်တတ်ချေ၏။

"သူယုတ်၏သား၊ ရမ်းကားတတ်စွ၊ မိုက်မာနနှင့်၊ ဒေါသဟုန်ဟုန်၊ တဖြင့်သုန်ဖြင့်၊ နယုန်ရေရူး၊ ရေဦးရေလွှင်၊ ရေသမင်တို့၊ လျင်လျင်တုပ်တုပ်၊ သိမ်းချုပ်မတည်း၊ လိမ္မာနည်း၏"ဟူ၍ မာဃဒေဝလင်္ကာသစ်ကြီး၌ သူယုတ်သူမိုက်တို့ဖြင့် ဥပမာနှိုင်းကာ နယုန်ရေရူးဟု ပြဆိုခဲ့သည်။ မိုးသေးမိုးဖွဲ၊ ရေဦးရေရူးတို့နှင့်အပြိုင် ပွင့်ငုံလေ့ရှိသော ရာသီပန်းမှာ "ပန်းယုထိကာ၊ သူမနာလည်း၊ သင်းစွာလှိုင်စေ၊ ကြိုင်လွှင့်ကြွေလျက်"ဟူ၍ မင်းလှရာဇာကျော်တင်က အဘိရုကပျို့တွင် ပါဠိစကားဖြင့် စံပယ်ပန်းအနွယ်ကို မြတ်လေးခေါ် မုလေးပန်းအား ရာသီပန်းအဖြစ် ထည့်သွင်းဖွဲ့ဆိုထား၏။

မိုးသားတိမ်စိုင်များကြားမှ လျှပ်ပန်းလျှပ်နွယ်များက ကောင်းကင်ယံတွင် လင်းလျက်ရှိတတ်၏။ မိုးဦး၊ မိုးလယ်၊ မိုးနှောင်း၊ မိုးရာသီတစ်လျှောက်လုံးတွင် မိုးဦး၊ မိုးနှောင်းနှစ်ပိုင်းက ပို၍ပင်လျှပ်ပြက်သည်။ လယ်ယာဦးကြီးများသည် မိုးချုန်းသံကို ပြောစည်သံပမာ သဘောထားသည်။ မည်မျှ မိုးကြိုးထစ်ချုန်းသော်လည်း နှင်တံကိုကောက်နွားကိုငေါက်ကာ ထွန်ရေးငင်လျက်ရှိသည်။

"ဝသန်ကာလ၊ မိုးကျတည့်လျှင်၊ ပျော်ပျော်ပါးပါး၊ မယားနှင့်ဆွေငယ်လင်" စာဆိုသည့်အတိုင်း လယ်သမားများ ထွန်ရေးငင်နေကြပြီ။ ဆံတောက်တစောင်းနှင့် ခမောက်ဆောင်းထားသော လုံမပျိုများသည် ပျိုးနုတ်၊ ကောက်စိုက် လက်စားလိုက်ရင်း အလုပ်ရှုပ်နေကြပြီ။

မိုးလယ်ရာသီဖြစ်သော ဝါဆို၊ ဝါခေါင်လများတွင်ကား "ဝါဆိုဝါခေါင် ရေဖောင်ဖောင်" စကားစဉ်အရ မြစ်များ၊ ချောင်းများတွင် ရေပြည့်လျှံကာ ရေကြီးတတ်လေသည်။

မိုးနှောင်းကာလများဖြစ်သော တော်သလင်း၊ သီတင်းကျွတ်လများတွင် အနောက်တောင်မှ မိုးရွာသွန်းတတ်သည်။ စိမ်းစိုလန်းဆန်း ဖွံ့ဖြိုးရှင်သန်ခဲ့သော စပါးပင်များမှာ ပြည့်ဝသောအသီးအနှံများဖြင့် ဖြစ်ကြတော့သည်။ ဖုံးတုံးလုံးတုံး တန်ဆောင်မုန်းအခါတွင် လယ်သမားများ ရိတ်သိမ်းကြပြီး လယ်ယာလုပ်ငန်းကို ကျေပွန်စွာထမ်းဆောင်ကြစဉ် ဆောင်းဦးရာသီနှင့် ချိတ်ဆက်လာသော မုတ်သုံမိုးကား ထွက်ခွာပေတော့မည်။

နွေသုံးလမှ မိုးငါးလ ဥတုရာသီပြောင်းလဲရာ၌ မြန်မာတို့၏ မိုးလေဝသအကြောင်းကို ခန့်မှန်းနိုင်ကြရန် ကျေးဇူးတော်ရှင် မန်လည်ဆရာတော်ကြီးက မာဃဒေဝလင်္ကာသစ်ကြီးတွင် မိုးရွာမည့်ရက်တို့အား ရာသီအလိုက် နက္ခတ်များကို တွက်ချက်ကာ မှတ်တမ်းတင်ထားသည်။

(၁) "ခွဲဝေမှတ်ရာနှစ်ကောဇာဝယ်၊ အတာပြောင်းတတ်၊ နောက်တစ်ရက်က၊ စန်းထွက်ချိန် ပြက္ခဒိန်ဝယ်၊ သုဒ္ဓန်ပွားကြွယ်၊ ရာလေးဆယ်တွင်၊ ပြည့်ကယ်သောအခါ၊ နံကာခေါ်သ ဝါခေါင်လများ၌၊ အလင်းရောင်ဝါ၊ အရုဏ်လာဝယ်၊ ကြတ္တိကာမွေထိပ်၊ တည့်လာနှိပ်၍၊ ဖျောက်ဆိပ်မွှန်းမတ်၊ မည်သတတ်ရှင့်"

အဓိပ္ပာယ်မှာ နှစ်ဆန်းတစ်ရက်နေ့မှ ၁၄၀ ရက်မြောက်သော သီတင်းကျွတ်လ(အောက်တိုဘာ ၁၃ ရက်) သရဝဏ် မွန်းတည့် မိုးရွာမည်ဟုဆိုသည်။

(၂) "မှတ်လော့ထင်ရှား၊ အတိတ်ကြား၏၊ ရာငါးဆယ့်လေး၊ မဝေးသချာ၊ ပဒုမ္မာကြာနှင့်၊ ယင်းမာထုံသင်း၊ တော်သလင်း၌၊ ကန်ဆင်းခေါ်မြဲ၊ ဖျောက်ဆိပ်မွန်းလွဲ၊ နှမ်းကြဲကာလ"

အဓိပ္ပာယ်မှာ နှစ်ဆန်းတစ်ရက်နေ့မှ ၁၅၄ ရက်မြောက်သော တော်သလင်းလ (စက်တင်ဘာလ ၁၇ ရက်)တွင် ဖျောက်ဆိပ်ကြယ် မွန်းလွဲကန်ဆင်း မိုးရွာမည်ကိုဆိုသည်။

(၃) "တစ်ရာ့ရှစ်ဆယ်ရက်ပြည့်ကြွယ်ဝမှု သံတူမည်မှတ်၊ ဝါကျွတ်ခေါ်ဆို၊ လမြင့်မိုရ်ဝယ်၊ ဗဟိုမိုးစွန်၊ နေဝင်လွန်၍၊ သရဝဏ်မွန်းတည့်၊ ထွန်းစည်ရောင်ရှင်၊ ကောတွင်းသားဝင်၏"

အဓိပ္ပာယ်မှာ နှစ်ဆန်းတစ်ရက်နေ့မှ ၁၈၀ ရက်မြောက်သော သီတင်းကျွတ်လ (အောက်တိုဘာ ၁၃ ရက်) သရဝဏ် မွန်းတည့် မိုးရွာမည်ဟုဆိုသည်။

(၄) "နှစ်ရာကျော်ငြား၊ နှစ်ဆယ့်ငါးဖြင့်၊ ရက်ပွားရောက်ထွန်၊ ဆုံစွန်ဝသာ၊ သရဒဟုမိုးလကုန်စဲ၊ ကထိန်ပွဲနှင့်ရိုးရာထွန်းပြောင်၊ လတန်ဆောင်တွင်၊ လင်းရောင်တတ်ပေါ်၊ အရုဏ်မြောက်က၊ ဖြော်ဖြော်နှင်းရိပ်၊ နောက်တောင်ထိပ်ဝယ်၊ ဖျောက်ဆိပ်မြေလူး၊ ရွာသွန်းကျူးအံ့"

အဓိပ္ပာယ်မှာ နှစ်ဆန်းတစ်ရက်နေ့မှ ၂၂၅ ရက်မြောက်သောနေ့ တန်ဆောင်မုန်းလ(နိုဝင်ဘာ ၂၇ ရက်)တွင် ကထိန်အလှူပွဲကာလဖြစ်သည်။ ဖျောက်ဆိပ်မြေလူးမိုးရွာမည်ဟု ဆိုသည်။

(၅) "ကျူးခဲ့ထိုမှ နှစ်ရာ့လေးဆယ် လေးရက်ကယ်သော်၊ နတ်တော်မည်ရ၊ နတ်လရာသီ၊ ခါတော်မှီဟု၊ အင်္ဂီဒုရင်၊ ရွှေနန်းခွင်ဝယ်၊ ဘုရင်နေမျိုး၊ မြတ်သတိုးတို့၊ ဆင်ရိုးသစ်လဲ၊ မင်းပွဲတစ်ရပ်ခေါ်ပညတ်လျက်၊ ဖျင်ထပ်မင်္ဂလာ၊လိပ်ခေါင်းသာ၍၊ မြောက်လာလေညှင်း၊ သုတ်ဆော်သွင်းလွတ်၊ သံမြိတ်လွတ်၏"

အဓိပ္ပာယ်မှာ နှစ်ဆန်းတစ်ရက်မှ ၂၄၄ ရက်မြောက်နတ်တော်လ(ဒီဇင်ဘာ ၁၆ ရက်)တွင် လိပ်ကြယ်စုမြောက်ဘက်သို့ ခေါင်းလှည့်ချိန်တွင် နန်းတွင်းဘုရင်အမျိုးအနွယ်များ အဝတ်သစ်လဲသည့် မင်္ဂလာကျင်းပကြသော ထိုရက်တွင် မိုးရွာတတ်သည်ဟုဆိုသည်။

(၆) "ပွားလက်ရက်ဝါ၊ နှစ်ရာကျော်လစ်၊ ငါးဆယ့်ရှစ်ဖြင့်၊ တွက်စစ်အလို၊ လပြာသို့၌၊ ခွာညိုပုံ့ရှား၊ ကောင်းကင်ဖျားဝယ်၊ နဂါးကြယ်ပြောင်း၊ နေရောင်ကင်းခိုက်၊ မုယင်းစိုက်၏"

အဓိပ္ပာယ်မှာ နှစ်ဆန်းတစ်ရက်နေ့မှ ၂၅၈ ရက်မြောက် ပြာသိုလ(ဒီဇင်ဘာ ၃၀ ရက်)ခွာညိုပန်းမှာ ထုံသင်းပျံ့မွှေးကြလျှင် "မုယင်းစပါး" စိုက်ပျိုးကာလဖြစ်သဖြင့် မိုးရွာမည်ဟုဆိုသည်။

(၇) "မှတ်လိုက်ထိုမှ၊ သုံးရာ့ဆယ့်ရှစ်၊ ပြည့်လစ်မလွဲ၊ တစ်ပို့တွဲဟု၊ စို့ရွှဲငွေနှင်း၊ ကုမ်ရက်ရက်တွင်းမှ၊ မုယင်းကောက်သား ဝင်ကုန်ငြား၏။ ပိုင်းခြားအလွယ်၊ ခဲ့မကျယ်ဘဲ၊ မှတ်ဖွယ်ကျဉ်းရုံး၊ ရွှဲနှစ်ကုန်းသည်၊ မှတ်ထုံကမ္ဘာဝေါဟာရတည်း"

အဓိပ္ပာယ်မှာ နှစ်ဆန်းတစ်ရက်နေ့မှ ၃၁၈ ရက်မြောက် တပို့တွဲလ (ဇန်နဝါရီ ၂၂ ရက်)တွင် ကုမ်ရာသီနှင်းများစို့ရွှဲနေပြီး မိုးရွာလျှင် မုယင်းစပါးအောင်ရင် တောင်သူတို့ပျော်ကြ၏။

ယင်းသို့မိုးရွာမည့်ရက်တို့အား သိထားခြင်းဖြင့် မိုးလေဝသကို ခန့်မှန်းနိုင်ကြပေမည်။ မြန်မာ့ရိုးရာ ဓလေ့အရ ရာသီနက္ခတ်များဖြင့် တွက်ချက်ဖော်ပြခဲ့ခြင်းဖြစ်ပေ၏။ ဖော်ပြပါ မိုးရွာနိုင်သည့်ရက်တို့အား သိထားခြင်းဖြင့် မိုးလေဝသကိုခန့်မှန်းနိုင်ကြသည်။ ယခုအခါ မိုးကျချိန်တွင် မြန်မာနိုင်ငံနှင့်တကွ အခြားသော နိုင်ငံရပ်ခြားများတွင် သဘာဝဘေးအန္တရာယ်များ တစ်ခါတစ်ရံတွင် ကျရောက်သည်။ ထိုဘေးအန္တရာယ်ကို ရှောင်ရှားရန် မြန်မာနိုင်ငံ၌ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ အသိပေးသဖြင့် ကာကွယ်ရှောင်တိမ်းနိုင်ကြသည်။ မည်သို့ပင်ဆိုစေကာမူ ရာသီဥတုသည် သဘာဝအလှမျိုးစုံ ပန်းမျိုးစုံတို့ဖြင့် အလှဝေစီလျက် လောကကိုအလှဆင်ကာ ကောင်းကျိုးပြုနေသည်။ မိုးရာသီသည် ရာသီဥတုတို့တွင် သဘာဝအလျောက် ကောင်းမြတ်သောအခါဖြစ်သည်။

လယ်ယာလုပ်ငန်းနှင့်မိုးသည် ပနံသင့်လှသည်။ ရာသီဥတုပြောင်းလဲမှုသည် လူမှုဘဝကိုခြိမ်းခြောက်သကဲ့သို့ရှိသော်လည်း မြန်မာနိုင်ငံ၏ မိုးရာသီသည် စိုက်ပျိုးရေးတွင် ရင်မောဖွယ်ရာဖြစ်သော်လည်း ပျော်ရွှင်မှုတို့သည်လည်း ပေါင်းစပ်ခံစားစေနိုင်သည်။ သိပ္ပံပညာထွန်းကားသော်လည်း ဂြိုဟ်နက္ခတ်ပြောင်းလဲမှုကို လေ့လာသိရှိရခြင်းမှာ ရှေးခေတ်က ရဟန်းပညာရှိ၊ လူပညာရှိတို့က နက္ခတ်အလိုက်ပြောင်းလဲမှုတို့ဖြစ်ပေါ်စေသည်များကို မှတ်တမ်းတင်ခဲ့ကြသည်။

အချိန်နှင့်တစ်ပြေးညီ ဖြစ်လေ့ဖြစ်ထရှိသော မိုးသေးမိုးဖွဲ ရေဦးရေရူးတို့နှင့်အပြိုင် အရှေ့လောကဓာတ်မှ ထွက်ပြူလာသော နယုန်မာသခါသမယ၏ လပြည့်ဝန်းသည်လည်း ဆီးနှင်းမြူတိမ်၊ သူရိန်မီးခိုး၊ ညစ်မျိုး၊ ဒေါသကင်းစင်လျက် ကြည်နူးနှစ်သိမ့်ဖွယ်ရှိချေ၏။ ဗုဒ္ဓုပ္ပာဒနဝခေတ်ဖြင့် တန်ဆာဆင်အပ်သော လောကကြီး၏ မွေ့လျော်ဖွယ်ကောင်းသည့်အဖြစ်တို့ ဖော်ပြလျက်ရှိလေပြီ။ ထိုအချိန်တွင် လောဘ၊ ဒေါသ စသော အညစ်အကြေးကင်းသည့် ရဟန္တာပေါင်းငါးရာခြံရံလျက် သက္ကတိုင်း ကပိလဝတ်ပြည် မဟာဝုန်တော၌ မြတ်ဘုရားသည် အလွန်တင့်တယ်စွာ စံနေတော်မူစဉ် မဟာဝုန်တောတစ်ခွင် ပတ်ဝန်းကျင်၌ တည်ရှိသမျှ နတ်အပေါင်းတို့သည် ချဉ်းကပ်လျက်ရှိကြကုန်သည်။ ထိုအခါသည် နယုန်လပြည့်နေ့ညဖြစ်၍ မဟာဝုန်တောသည် တောပန်းရနံ့တို့ဖြင့် စိုပြည်လျက်ရှိနေသည်။

နတ်ဗြဟ္မာအပေါင်းတို့ စိတ်ကြည်နူးချမ်းသာစေရန် ရှေးဦးပရိက်အနေအားဖြင့် ရဟန်းပရိသတ်နှင့် နတ်ဗြဟ္မာပရိသတ်တို့အား "မဟာသမယသုတ်"ကို မြတ်ဘုရားရှင်ဟောကြားအပ်သည်မှာ ကောင်းစေသော ရာသီဥတုကို ဖြစ်စေသော နယုန်လပင်ဖြစ်ပေတော့သတည်း။ ။

**အချိန်နှင့်တစ်ပြေးညီ ဖြစ်လေ့ဖြစ်ထရှိသော မိုးသေးမိုးဖွဲ ရေဦးရေရူးတို့နှင့်အပြိုင် အရှေ့လောကဓာတ်မှ ထွက်ပြူလာသော နယုန်မာသခါသမယ၏ လပြည့်ဝန်းသည်လည်း ဆီးနှင်းမြူတိမ်၊ သူရိန်မီးခိုး၊ ညစ်မျိုး၊ ဒေါသကင်းစင်လျက် ကြည်နူးနှစ်သိမ့်ဖွယ်ရှိချေ၏။ ထိုအချိန်တွင် လောဘ၊ ဒေါသစသော အညစ်အကြေးကင်းသည့် ရဟန္တာပေါင်း ငါးရာခြံရံလျက် သက္ကတိုင်း ကပိလဝတ်ပြည် မဟာဝုန်တော၌ မြတ်ဘုရားသည် အလွန်တင့်တယ်စွာ စံနေတော်မူစဉ် မဟာဝုန်တောတစ်ခွင် ပတ်ဝန်းကျင်၌ တည်ရှိသမျှ နတ်အပေါင်းတို့သည် ချဉ်းကပ်လျက်ရှိကြကုန်သည်။ ထိုအခါသည် နယုန်လပြည့်နေ့ညဖြစ်၍ မဟာဝုန်တောသည် တောပန်းရနံ့တို့ဖြင့် စိုပြည်လျက်ရှိနေသည်။**

✻ ပြည်သူ့လွှတ်တော်မှ

**ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် စက်မှုဇုန်တည်ရှိနေခြင်းကြောင့် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အား ပြည့်ဝစေရန် 66KV ဓာတ်အားလိုင်းနှင့် 66KV ဓာတ်အားခွဲရုံ တည်ဆောက်ပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဒေါက်တာထွန်းနိုင်က ရေနံချောင်းမြို့တွင် ၆၆ ကေဗွီဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ဓာတ်အားဖြန့်ဖြူးနိုင်ရန် ချောက်မြို့နယ်ရှိ ၁၃၂ ကေဗွီချောက်ပင်မဓာတ်အားခွဲရုံမှ ရေနံချောင်းမြို့သို့ ၆၆ ကေဗွီဓာတ်အားလိုင်း ၃၇ မိုင်တည်ဆောက်ခြင်း၊ ရေနံချောင်းမြို့ရှိ စက်မှုဇုန်အနီးတွင် ၆၆/၃၃ ကေဗွီ၊ ၁၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်းနှင့် အဆိုပါ ၆၆ ကေဗွီစက်မှုဇုန်ဓာတ်အားခွဲရုံမှ ရေနံချောင်းဓာတ်အားခွဲရုံသို့ ၃၃ ကေဗွီဓာတ်အားလိုင်း ၃ မိုင် တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ဝန်ကြီးဌာန၏ (၂၀၁၇-၂၀၁၈ မှ ၂၀၂၁-၂၀၂၂)ဘဏ္ဍာနှစ် ၅ နှစ်စီမံချက်တွင် ထည့်သွင်းရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ စီမံချက်အရ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ရန်စီစဉ်ထားပါကြောင်း ဖြေကြားသည်။

ထို့နောက် မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း တင်သွင်းထားသည့် **ပြည်တွင်း၌ ထုတ်လုပ်နေသော ယူရီးယားဓာတ်မြေသြဇာများအား အရည်အသွေးကို ထိန်းသိမ်းနိုင်ရန် စနစ်တကျထုပ်ပိုးပြီး တောင်သူများလက်ဝယ်သို့ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် အဆင်ပြေချောမွေ့စွာ ဖြန့်ဖြူးပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာက တောင်သူများအား စိုက်ပျိုးစရိတ်ထုတ်ပေးချိန်တွင် ဓာတ်မြေသြဇာများကို သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးရန်လိုအပ်ပါကြောင်း၊ တာဝန်ယူဖြန့်ချိသည့် ဝန်ကြီးဌာနက ကျေးရွာများအရောက် ဓာတ်မြေသြဇာ အတု၊ အစစ်ခွဲခြားနည်း၊ အချိန်အဆမှန်ကန်စွာ သုံးစွဲနည်း၊ မြေအမျိုးအစား ဓာတ်ခွဲစမ်းသပ်နည်းများကို ပံ့ပိုးပေးရန် လိုအပ်ပါကြောင်း၊ ဓာတ်မြေသြဇာများကို လောလောဆယ် အရှုံးခံ၍ထုတ်လုပ်ရောင်းချနေသော်လည်း တိုးတက်လာမည့် ကုန်ထုတ်လုပ်မှုကြောင့် အခွန်အကောက်များ ပိုမိုရရှိလာနိုင်ခြင်း၊ ပြည်ပသို့တရားဝင်၊ တရားမဝင်ထွက်နေသည့် ထွက်ငွေများကိုလည်း ဟန့်တားနိုင်ခြင်း၊ ပြည်တွင်းထုတ်လုပ်မှု ဝင်ငွေများ တိုးတက်လာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာခြင်း စသည့် ရေရှည်အကျိုးစီးပွားများရရှိလာနိုင်ပါကြောင်း ဆွေးနွေးသည်။

ဆင်ပေါင်ဝဲ မဲဆန္ဒနယ်မှ ဦးနေထက်ဝင်းက မြန်မာနိုင်ငံတွင် ဓာတ်မြေသြဇာ စက်ရုံငါးရုံရှိပြီး ယခုအခါ စက်ရုံသုံးရုံကသာ ဓာတ်မြေသြဇာများကို ထုတ်လုပ်လျက်ရှိသဖြင့် ပြည်သူများအတွက် ဖူလုံမှုမရှိပါကြောင်း၊ အခြားတိုင်းပြည်များက နှစ်စဉ် မှာယူတင်သွင်းနေရပါကြောင်း၊ ဖြန့်ဖြူးမှုအပိုင်းတွင် စက်ရုံ၌၊ ကိုယ်စားလှယ်ယူသူလက်ထဲ၌ ကြန့်ကြာခြင်းမျိုးမရှိဘဲ တောင်သူများလက်ဝယ်သို့ အဆင်ပြေချောမွေ့စွာ ရောက်ရှိအောင် ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ဝက်လက် မဲဆန္ဒနယ်မှ ဦးမြင့်သိန်းက ပြည်တွင်းဓာတ်မြေသြဇာစက်ရုံများကို ခေတ်မီစက်ရုံများဖြစ်လာစေရန် ပြည်ပကုမ္ပဏီများနှင့် ဖက်စပ်ဆောင်ရွက်သင့်ပါကြောင်း၊ ပြည်တွင်းဓာတ်မြေသြဇာစက်ရုံများ၏ အရည်အသွေးနှင့် ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်းက ပြည်တွင်းဓာတ်မြေသြဇာစက်ရုံများ ပုံမှန်လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ ထုပ်ပိုးမှုစနစ် အဆင့်မြှင့်တင်ရန် လိုအပ်ပါကြောင်း၊ ဖြန့်ဖြူးရေးအပိုင်းကို အစိုးရကဆောင်ရွက်မည့်အစား လယ်ယာသမဝါယမအသင်းက ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင်၊ မဘိမ်းမဲဆန္ဒနယ်မှ ဦးအောင်မြင့်ရှိန်၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနှင့် နတ်မောက် မဲဆန္ဒနယ်မှ ဦးအောင်တင်လင်း တို့ကလည်း အဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာထွန်းနိုင်က ကုန်းတွင်းသဘာဝဓာတ်ငွေ့တွင်းများသည် ယခုအခါ သဘာဝဓာတ်ငွေ့ ကုန်ခန်းသွားပါကြောင်း၊ သဘာဝဓာတ်ငွေ့ကိုကုန်ကြမ်းအဖြစ်အသုံးပြု၍ ဓာတ်မြေသြဇာ ထုတ်လုပ်နေသည့် စက်ရုံနှစ်ရုံကို ရပ်ဆိုင်းခဲ့ရပါကြောင်း၊ ယခုအခါ ဓာတ်မြေသြဇာ စက်ရုံသုံးရုံ လည်ပတ်နေပြီး အရည်အသွေးကောင်းမွန်သည့် ဓာတ်မြေသြဇာများကို ထုတ်လုပ်နေပါကြောင်း၊ ယင်းစက်ရုံများသည်လည်း ညောင်တုန်းကုန်းတွင်းသဘာဝဓာတ်ငွေ့ရရှိမှုအပေါ် မူတည်၍ ထုတ်လုပ်နေရခြင်းဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး လိုအပ်ချက်၏ ၇ ရာခိုင်နှုန်းခန့်သာ ထုတ်လုပ်ပေးနိုင်သည့် အခြေအနေတွင်ရှိပါကြောင်း၊ ကျန်ရှိသည့် ၉၃ ရာခိုင်နှုန်းကို ပုဂ္ဂလိကကဏ္ဍက ပြည်ပမှတင်သွင်းရောင်းချပေးနေပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဓာတ်မြေသြဇာ ထုပ်ပိုးမှုပုံစံကောင်းမွန်အောင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာတွင် လွှတ်တော်က ယင်းအဆိုကို မှတ်တမ်းတင်စောင့်ကြည့်ရန် ဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏အစီရင်ခံစာ အတည်ပြုခြင်းနှင့် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း လက်ခံရရှိကြောင်း အသိပေးတင်ပြခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်(သတင်းစဉ်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**



ဇွန် ၈ ရက်က မြန်မာ-တရုတ်ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး အထိမ်းအမှတ်နေ့ အခမ်းအနား တက်ရောက်လာသော နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဇနီး ဒေါ်မေယဉ်ထွန်းတို့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Hong Liangနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

## ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇွန် ၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E. Mr. Roland Kobia၊ မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jaroslav Dolecek၊ EUROCHAMBRES ၏ CEO Mr. Arnaldo Abruzzini နှင့် EuroCham Myanmar ၏ Chairman ဖြစ်သူ Mr. David Levrat တို့အား နေပြည်တော်ရှိ KEMPINSKI HOTEL ၌ ယနေ့နံနက် ၁၁ နာရီခွဲတွင် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်ရေးဆိုင်ရာ ဆက်သွယ်ဆက်ဆံမှုများ ဆက်လက်ခိုင်မာအောင် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ပို့ကုန်ပစ္စည်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ တိုးမြှင့်ထုတ်လုပ်၍ ဥရောပဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် နည်းပညာ အကူအညီပေးရေး၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာ အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်ကဏ္ဍများ ဖန်တီးဖော်ဆောင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သတင်းမီဒီယာလွတ်လပ်ခွင့်ဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဇွန် ၈**

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်သည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့အခြေစိုက် စာနယ်ဇင်းသမားများ ကာကွယ်စောင့်ရှောက်ရေး ကော်မတီ(CPJ) ဥက္ကဋ္ဌ Ms. Sandra Mims Rowe နှင့် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာ အဆောင်အမှတ်(I-2) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် သတင်းမီဒီယာလွတ်လပ်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## စွမ်းအင်ထုတ်ယူမှု နည်းပညာပိုင်းဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် ဇွန် ၈**

ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင်သည် CHIYODA & PUBLIC WORKS အဖွဲ့မှ MD Nobuhiko Kono နှင့် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာ ဆောင်(I-8) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် Chiyoda ကုမ္ပဏီ၏ ကျောက်မီးသွေးမှ စွမ်းအင်ထုတ်လုပ်ပုံအဆင့်ဆင့်အား ရှင်းလင်းတင်ပြခြင်းနှင့် အခြားစွမ်းအင်ထုတ်ယူမှု နည်းပညာပိုင်းဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



# တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် မတော်တဆမှုဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃ / ၂၀၁၇**
**(၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်)**

တပ်မတော်သားများနှင့် မိသားစုများအတွက် သက်သာချောင်ချိရေး ပို့ဆောင်ကြိုဆိုသော တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် (Y- 8 - 200 F အမျိုးအစား၊ လေယာဉ်အမှတ်- ၅၈၂၀) သည် စစ်သည်/မိသားစု ၁၀၈ ဦး၊ လေယာဉ်အမှုထမ်း ၁၄ ဦးနှင့် ကုန်တန်ချိန် ၂ ဒသမ ၄ တန်ခန့် သယ်ဆောင်၍ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့၊ မွန်းလွဲ ၁ နာရီ ၆ မိနစ်တွင် မြိတ်မြို့မှ ရန်ကုန်မြို့သို့ စတင်ထွက်ခွာ၍ အမြင့်ပေ ၁၈၀၀၀ မှ ပျံသန်းနေစဉ် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်အချိန်တွင် ထားဝယ်မြို့၏အနောက်တောင်ဘက် ၄၃ မိုင်ခန့်အရောက်၌ ထားဝယ်လေဆိပ်နှင့် အဆက်အသွယ်ရရှိပြီးနောက်ပိုင်း ဆက်သွယ်မှုပြတ်တောက်သွားခဲ့သည်။

ထိုသို့ အဆက်အသွယ်ပြတ်တောက်ပြီးနောက် မွန်းလွဲ ၂ နာရီမှ စတင်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တပ်မတော်မှ စစ်ရေယာဉ်များ၊ လေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့်လည်းကောင်း၊ မြေပြင်တပ်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့၊ နံနက် ၈ နာရီ ၁၈ မိနစ်တွင် လောင်းလုံမြို့၏ အနောက်တောင်ဘက် ၂၂ မိုင်၊ ကျောက်နီမော်ကျေးရွာ၏အနောက်ဘက် ၁၄ မိုင်အကွာ ပင်လယ်ပြင်တွင် လေယာဉ်၏အစိတ်အပိုင်းအချို့၊ ရုပ်အလောင်း သုံးလောင်း၊ အသက်ကယ်အင်္ကျီနှစ်ထည်နှင့် အဝတ်အစားအိတ်အချို့အား တွေ့ရှိဆယ်ယူရရှိခဲ့ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ဤကဲ့သို့ တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် မတော်တဆမှုဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသူများနှင့် ပျောက်ဆုံးနေသူများ၏ မိသားစုများ၊ ဆွေမျိုးများ၊ မိတ်ဆွေသူငယ်ချင်းများနှင့်ထပ်တူထပ်မျှ ပူပန်ဝမ်းနည်းကြေကွဲရပါကြောင်း၊ ရှာဖွေကယ်ဆယ်ရေးနှင့်ကူညီထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

# တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် မတော်တဆမှုဖြစ်စဉ်နှင့်ပတ်သက်၍ အမေရိကန်သံရုံးမှ သတင်းထုတ်ပြန်

တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် ထားဝယ်မြို့အနီး ပျောက်ဆုံးသွားခဲ့သောသတင်းကြောင့် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း အမေရိကန်သံရုံးက မြန်မာ့တပ်မတော်(လေ)နှင့် လေယာဉ်ပေါ်ပါခရီးသည်များ၊ လေယာဉ်အမှုထမ်းများ၏မိသားစုဝင်များကို ထုတ်ဖော်ပြောကြားလိုပါသည်။ လေယာဉ်ပေါ်၌ပါသွားကြသောခရီးသည်များကို ရှာဖွေကယ်ဆယ်သည့် လုပ်ငန်းများအဆင်ပြေချောမွေ့ပါစေကြောင်း မိမိတို့ဆုတောင်းနေသည့်အပြင် ဤကြေကွဲဖွယ်ဖြစ်စဉ်ကြောင့် ထိခိုက်ခံစားရသူများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်းကိုလည်း ပြောကြားလိုပါသည်။

June 8, 2017၊ Public Affairs Office၊ U.S. Embassy Yangon

# တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တစ်စင်းပျောက်ဆုံးရာတွင်ပါဝင်ခဲ့သော အရာရှိ/ စစ်သည်များ၊ မိသားစုဝင်များနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇွန် ၈**

ဇွန် ၇ ရက် မွန်းလွဲပိုင်းတွင် မြိတ်မှ ရန်ကုန်သို့ ထွက်ခွာပျံသန်းစဉ် ပျောက်ဆုံးသွားသော တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်၌ ပါဝင်သွားခဲ့သည့် စစ်သည်/မိသားစု ၁၀၈ ဦးနှင့် လေယာဉ်အမှုထမ်း ၁၄ ဦး၊ ပေါင်း ၁၂၂ ဦးတို့အတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် သုံးသိန်းနှုန်းဖြင့် ငွေကျပ် ၃၆၆ သိန်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ လာရောက် ပေးအပ်လှူဒါန်းရာ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# တိုင်းဒေသကြီးနှင့် ပြည်နယ် ရေကူးအားကစားပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၈**

၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ရေကူးအားကစားပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိ ရေကူးကန်၌ကျင်းပရာ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ရေကူးအားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ အမျိုးသားလွှတ်တော် အတွင်းရေးမှူး ဒေါက်တာစန်းမောင်မောင်၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြပြီးနောက် အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲ၊ မီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ မီတာ ၂၀၀ လေးမျိုးကူးပြိုင်ပွဲ ယှဉ်ပြိုင်ကစားကြပုံများကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲတွင်ဆုရရှိကြသူများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ရေကူးအားကစားပြိုင်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ အမျိုးသား ၁၁ သင်း၊ အမျိုးသမီး ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်၍ စုစုပေါင်း အားကစားသမား ၁၀၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကစားကြပြီး ဇွန် ၈ ရက်နှင့် ၉ ရက်တို့တွင် နေ့စဉ်နံနက် ၉ နာရီမှစတင်ကာ ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သဖြင့် အခမဲ့ လာရောက်ကြည့်ရှုနိုင်ပါကြောင်း သိရသည်။ **(မောင်မောင်ဇော်)**



# ရေကြည်မြို့၌ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေး

**ရေကြည် ဇွန် ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနက မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများမှ ဒေသခံပြည်သူများ အသက်ရှည်ကျန်းမာစွာနေထိုင်နိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ်အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ဒေါက်တာအေးဆုမွန်ဝင်း ဦးဆောင်၍ ကျန်းမာရေးဆရာမ ဒေါ်ဘေဘီဝင်းတို့က မြို့နယ်အတွင်း သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်ငါးနှစ်အောက်ကလေးများ၊ ဆေးကုသမှုခံယူသော မြို့အတွင်းဒေသခံပြည်သူများအား အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း အခမဲ့ဆေးကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။


အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုဆေးဒါနကုသိုလ်ဖြစ် အခမဲ့ဆေးကုသမှုကို ဧရာဝတီဖောင်ဒေးရှင်းမှ ဆေးဝါးစရိတ်ထောက်ပံ့ငွေဖြင့် အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း လူနာ ၁၅၀ ခန့်ကို စဉ်ဆက်မပြတ်ဆေးအခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

**မြင့်သိန်း(ပြန်/ဆက်)**

# တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် မတော်တဆမှုဖြစ်စဉ်တွင်ပါဝင်ခဲ့သော အရာရှိ/စစ်သည်များနှင့် မိသားစုဝင်များအတွက် အလှူငွေကျပ်သိန်း ၅၀၀ လှူဒါန်း

**ရန်ကုန် ဇွန် ၈**

တပ်မတော်သားနှင့် မိသားစုဝင် ၁၀၈ ဦး၊ လေယာဉ်အမှုထမ်း ၁၄ ဦး လိုက်ပါလာသော မြိတ်-ရန်ကုန်ခရီးစဉ်အတွင်း တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် (Y-8-200 F အမျိုးအစား လေယာဉ်အမှတ်-၅၈၂၀) ပျောက်ဆုံးမှုဖြစ်စဉ်သည် ဇွန် ၇ ရက်ကဖြစ်ပွားခဲ့ရာ သေဆုံးသွားသူများနှင့် ပျောက်ဆုံးနေသော တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိ/စစ်သည်များနှင့် မိသားစုဝင်



များအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးသို့ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ အလှူငွေကျပ်သိန်း ၅၀၀ ကို ဖောင်ဒေးရှင်းကိုယ်စား တာဝန်ရှိသူများဖြစ်ကြသော ဒေါ်မိုးသူဇာကျော်နှင့် ဒေါ်ကေခိုင်သန်းတို့က ယနေ့ မွန်းလွဲ ၃ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် သွားရောက်လှူဒါန်းရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်ပုံက လက်ခံရယူသည်။

ယင်းသို့လှူဒါန်းရာ တိုင်းမှူးက ယခုဖြစ်စဉ်တွင် ပါဝင်သော တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ/စစ်သည်များနှင့် မိသားစုဝင်များအတွက် ယခုလို စာနာထောက်ထားမှုဖြင့် လှူဒါန်းသည့်အတွက် အထူးဝမ်းမြောက်မိပါကြောင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိကြီးများသည်လည်း မိသားစုဝင်များကို သွားရောက်နှစ်သိမ့်အားပေးခဲ့ပါကြောင်း၊ လေယာဉ်ပေါ်ပါသွားသူများအားလုံးအတွက် တပ်မတော်အနေဖြင့် ထပ်တူထပ်မျှ စိတ်မကောင်းဖြစ်ရသလိုများစွာဝမ်းနည်းမိပါကြောင်း၊ ယနေ့ နံနက်ကလည်း အခြားအဖွဲ့အစည်းများက လာရောက်ကူညီလှူဒါန်းမှုများလည်း ရှိပါကြောင်း၊ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက စာနာထောက်ထားမှုဖြင့် ယခုလို လာရောက်ကူညီပေးသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယခုလို လှူဒါန်းမှုသည် စိတ်ဓာတ်ခွန်အားပေးခြင်းတစ်မျိုးဖြစ်ပါကြောင်း၊ အထူးသဖြင့် ဆုံးရှုံးမှုများကြားမှ ယခုလို စိတ်ဓာတ်ခွန်အားပေးခြင်းကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**(၀၁၀)**

■

## ပြည်တွင်းရေးရာ



ဒုတိယသမ္မတ ဦးမြင့်ဆွေ MYANMAR- EU ECONOMIC FORUM ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❖ **ကျောဖုံးမှ**

မြန်မာနိုင်ငံအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးသည် မိမိတို့အနေဖြင့် ပြည်တွင်းနှင့် ပြည်ပ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို မည်မျှတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုသည့်အချက်အပေါ်တွင် မူတည်ပါကြောင်း။

မြန်မာနိုင်ငံသည် နိုင်ငံတကာစီးပွားရေးအသိုက်အဝန်းများနှင့် ချိတ်ဆက်ပြီး ဈေးကွက်စီးပွားရေးစနစ်တစ်ရပ်ကို ကြိုးပမ်းအကောင်အထည်ဖော်နေခြင်းဖြစ်သည့်အတွက် မိမိတို့အနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာအကူအညီများ အရေးတကြီးလိုအပ်နေပါကြောင်း။

ရေရှည်တည်တံ့ပြီး အားလုံးပါဝင်နိုင်သည့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးပါသည့် မောင်းနှင်အားသည် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများပင်ဖြစ်ကြောင်း၊ ယခုအချက်ကို နားလည်သဘောပေါက်သည့်အတွက် နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံသားများနှင့် ၎င်းတို့၏ ပတ်ဝန်းကျင်အတွက် အပြုသဘောသက်ရောက်မှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို အားပေးကူညီရန် ခိုင်မာသည့်ဆုံးဖြတ်ချက်များကို ချမှတ်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်သည့်နေရာတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုဆိုသည်မှာ မြန်မာနိုင်ငံကဲ့သို့ နိုင်ငံမျိုးအတွက် ပထမဆုံးနှင့် အရေးအကြီးဆုံး လိုအပ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့သည် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိနိုင်ရန် ပင်လုံစိတ်ဓာတ်ဖြင့် ကျင်းပသည့် နိုင်ငံရေးဆွေးနွေးပွဲများမှ ထွက်လာသည့် ရလဒ်များအရ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် ထူထောင်နိုင်ရန် ရည်ရွယ်ပြီး တိုင်းရင်းသားများ၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးမှုများကို အားသွန်ခွန်စိုက်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ပြီးခဲ့သည့်လက ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် ပါဝင်ဆွေးနွေးသူများအကြား ညှိနှိုင်းဆွေးနွေးခဲ့ကြသည့် အချက်များအနက် (၃၇)ချက်ကို အောင်မြင်စွာ သဘောတူနိုင်ခဲ့ကြပါကြောင်း၊ ယင်းအချက်သည် နိုင်ငံတော်အစိုးရနှင့် အခြားပါဝင်ပတ်သက်သူများ၏ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို အတူတကွ အကောင်အထည်ဖော်ရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွ ဖော်ဆောင်ကြရန် ခိုင်မာသည့် ဆုံးဖြတ်ချက်ချမှတ်ထားကြောင်းကို ပြသလိုက်ခြင်းပင် ဖြစ်ပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံ၏ အရင်းအနှီးရှာဖွေရေး၊ နည်းပညာနှင့် အလုပ်အကိုင်ဖန်တီးမှုတို့အတွက် အလွန်ပင်အရေးပါကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုများ လုပ်ကိုင်ရန်အဆင်ပြေမှုရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာရန် ရည်ရွယ်ပြီး ကောင်းမွန်သည့် မိုက်ခရိုစီးပွားရေး ပြုပြင်ပြောင်းလဲမှုများနှင့်အတူ နိုင်ငံတော်အစိုးရအနေဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ်နေခြင်းပင်ဖြစ်ပါကြောင်း။

ရင်းနှီးမြှုပ်နှံသူများအတွက် အဆင်ပြေမည့် အခင်းအကျင်းကို ဖန်တီးသည့်အနေဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါကြောင်း၊ ဥပဒေ၏ ထင်ရှားသည့်အချက်များသည် ရင်းနှီးမြှုပ်နှံသူများအပေါ် အကာအကွယ်ပြုသည့်အချက်များနှင့် အဆင်မပြေမှုများရှိပါက တိုင်ကြားနိုင်သည့် ယန္တရားများကို ထည့်သွင်းထားခြင်းပင်ဖြစ်ပါကြောင်း၊ ထို့ပြင် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားနှင့် တည်နေရာကိုလိုက်၍ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ၂၀၁၇ ခုနှစ် မတ် ၃၀ ရက်တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းများကိုလည်း ပြဋ္ဌာန်းခဲ့ပါကြောင်း။

မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အားသာချက်များ များပြားစွာရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ တည်နေရာသည် ဖွံ့ဖြိုးဆဲအာဆီယံနိုင်ငံများနှင့် ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံနှစ်ခုအကြား ကုန်စည်စီးဆင်းမှုများပြုလုပ်နိုင်သည့် မဟာဗျူဟာအချက်အချာကျသည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဝင်စားမှုကိုရရှိနေပြီး အာရှတိုက်၏ ကုန်စည်သယ်ယူပို့ဆောင်ရေးကို ပိုမိုအဆင်ပြေအောင် မြှင့်တင်ပေးနိုင်သည့် ဆုံမှတ်တစ်ခုလည်းဖြစ်ပါကြောင်း၊ ထို့ပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် သယံဇာတများနှင့် လူသားအရင်းအမြစ်ဖြစ်သည့် လူငယ်လူရွယ်ဦးရေ များပြားစွာရှိသည့် နိုင်ငံလည်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံကြသည့် အဓိကနယ်ပယ်များသည် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ သတင်းအချက်အလက် ဆက်သွယ်ရေး၊ ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် အိမ်ခြံမြေလုပ်ငန်းများဖြစ်ကြပါကြောင်း၊ ယင်းနယ်ပယ်များသည် ဈေးကွက်များ ပိုမိုရရှိလာနိုင်ရန် အလားအလာရှိသည့် နယ်ပယ်များဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများနှင့် ဒေသခံလူ့အဖွဲ့အစည်းများအတွက် များစွာအကျိုးရှိနိုင်သည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအများအပြားလည်း ကျန်ရှိနေပါသေးကြောင်း။

ကုန်သွယ်မှုတိုးမြှင့်ရေးအတွက်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အခွန်ကောက်ခံရေး၊ ကုန်သွယ်မှုဖြေလျှော့ရေး၊ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးနှင့် ကုန်သွယ်မှုဆိုင်ရာ ပညာပေးအစီအစဉ်များနှင့် ပတ်သက်သည့် မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဒီမိုကရေစီအကူးအပြောင်းကာလကတည်းက ယနေ့တိုင် ဆောင်ရွက်လျက်ရှိပါကြောင်း။

အီးယူ၏ တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံအစိုးရက နွေးထွေးစွာ ကြိုဆိုပါကြောင်း၊ အီးယူရင်းနှီးမြှုပ်နှံမှုများနှင့်အတူ နည်းပညာနှင့် ကျွမ်းကျင်မှုများလည်း မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာနိုင်ရန် မိမိတို့မျှော်လင့်ပါကြောင်း၊ ထိုသို့ ဝင်ရောက်လာခြင်းအားဖြင့် မြန်မာနိုင်ငံနှင့် အီးယူနိုင်ငံများအကြား ရင်းနှီးသည့်ဆက်ဆံရေးကို မြှင့်တင်ပေးပြီး နိုင်ငံအသီးသီးနှင့် ပြည်သူများအပေါ် အကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကိစ္စများနှင့်ပတ်သက်ပြီး အနာဂတ်တွင် အီးယူနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E.Mr. Roland Kobia နှင့် The Association of European Chambers of Commerce and Industry (EUROCHAMBRES) မှ CEO Mr. Arnaldo Abruzzini တို့က အမှာစကားပြောကြားကြပြီး EuroCham Myanmar မှ Chairman ဖြစ်သူ Mr. David Levrat က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယသမ္မတ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။

ထို့နောက် အဆိုပါဖိုရမ်ကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင် အီးယူအဖွဲ့ဝင်နိုင်ငံများက လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသည့် အခန်းကဏ္ဍ၊ လူမှုတာဝန်ယူမှုအသင်းအဖွဲ့အခန်းကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့နှင့်စပ်လျဉ်းပြီး ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပျက်ကျသွားခဲ့သည့် တပ်မတော်ပို့ဆောင်ရေးလေယာဉ်နှင့်ပတ်သက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်

**နေပြည်တော် ဇွန် ၈**

ဇွန် ၇ ရက်က ပျက်ကျသွားခဲ့သည့် တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်အား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ဆယ်ယူရရှိသည့် ရုပ်အလောင်းများအား သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တပ်မတော်နှင့်အတူ ပူးပေါင်းကူညီလုပ်ဆောင်ပေးခဲ့ကြသည့် ပြည့်ဖြိုးထွန်းကုမ္ပဏီ၊ ထူးထူးတိုးကုမ္ပဏီ၊ ခိုင်ဇင်ယော်ကုမ္ပဏီများ အပါအဝင် ဒေသခံငါးဖမ်းစက်လှေများ၊ Romic Tide လုပ်ငန်းသုံးရေယာဉ်ဖြင့် ပါဝင်ကူညီခဲ့သည့် ရဲတံခွန်သဘာဝဓာတ်ငွေ့စီမံကိန်းမှ တာဝန်ရှိသူများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အပါအဝင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ထားဝယ်မြို့နယ်မှ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက အထူးကျေးဇူးတင်ရှိပါကြောင်း။

ထို့ပြင် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်အတူ ဒေသခံငါးဖမ်းစက်လှေများ ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဝိုင်းဝန်းလုပ်ဆောင်လျက်ရှိရာ လေယာဉ်ပေါ်တွင် ပါရှိသွားသူများ၏ ရုပ်အလောင်းအချို့အား ဆယ်ယူရရှိခဲ့ပြီး ပြန်လည်ဆယ်ယူရသည့် ရုပ်အလောင်းအချို့မှာ ကျန်ရစ်သူမိသားစုများသာမက တွေ့မြင်ရသူများအတွက်ပါ များစွာစိတ်နှလုံးမချမ်းမြေ့ဖွယ်ဖြစ်စေသဖြင့် ယင်းပုံများအား လူမှုကွန်ရက်အပါအဝင် မည်သည့်သတင်းဓာတ်ပုံအဖြစ်မျှ အသုံးပြုခြင်းမပြုပါရန် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက အထူးမေတ္တာရပ်ခံအပ်ပါကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

❍ **Y-8 တပ်မတော်မှ**

အသက်ကယ်အင်္ကျီ နှစ်ထည်၊ အဝတ်အစားထည့်သည့် အိတ်အချို့အား စတင်ဆယ်ယူရရှိခဲ့ပြီး ယင်းနေရာတစ်ဝိုက်တွင် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်ခဲ့သည်။

ယနေ့ည ၇ နာရီအထိ အမျိုးသားရုပ်အလောင်း နှစ်လောင်း၊ အမျိုးသမီးရုပ် အလောင်း ၂၁ လောင်း၊ ကလေးရုပ်အလောင်း ရှစ်လောင်း စုစုပေါင်း ရုပ်အလောင်း ၃၁ လောင်းနှင့် အခြားပစ္စည်းများအနေဖြင့် Y-8 လေယာဉ်၏ အစိတ်အပိုင်းဖြစ်သည့် လေယာဉ်ဘီးတစ်လုံး၊ အသက်ကယ်အင်္ကျီများနှင့် ပစ္စည်းထည့်သည့် အိတ်အချို့အား ဆယ်ယူရရှိခဲ့သည်။

ဆယ်ယူရရှိသော ရုပ်အလောင်း ၃၁ လောင်းအား တပ်မတော်စစ်ရေယာဉ်များဖြင့် ပို့ဆောင်ခဲ့ရာ ညနေ ၅ နာရီတွင် လောင်းလုံးမြို့နယ်အတွင်းရှိ စန်းလန်းကျေးရွာသို့ ရောက်ရှိခဲ့ပြီး ထိုမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ရာ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ရောက်ရှိပြီး လိုအပ်သည့် ဆေးဘက်ဆိုင်ရာစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့် သည် စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်မိုးအောင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လင်းအောင်တို့နှင့်အတူ ယနေ့တွင် မြိတ်မြို့ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ် မောတောင်ခန်းမနှင့် တိုင်းစစ်ဌာနချုပ်ရှိ တိုင်းရန်အောင်ခန်းမတို့၌ တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တွင် လိုက်ပါသွားသည့် အရာရှိ၊ စစ်သည်မိသားစုဝင်များ၏ ကျန်ရစ်ခဲ့သော တပ်မတော်သားမိသားစုဝင်များအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက လှူဒါန်းသည့် ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ခဲ့သည်။



တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တွင် ပါရှိသွားသည့် လေယာဉ် အမှုထမ်း၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ စုစုပေါင်း ၁၂၂ ဦးတို့၏ ကျန်ရစ်သူမိသားစုများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကျပ် ၃၆၆ သိန်း၊ ထူးထရေးဒင်းကုမ္ပဏီ၊ မဒ္ဒယ်ရဟတ်ယာဉ် Accident မိသားစု၊ Air Myanmar Aviation Services ရဟတ်ယာဉ်ကုမ္ပဏီများမှ ကျပ်သိန်း ၃၀၀၊ ရောင်နီဦးနှင့် မိတ်ဆွေများ ပရဟိတအဖွဲ့မှ ကျပ်သိန်း ၂၀၀၊ ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ ကျပ်သိန်း ၅၀၀ လှူဒါန်းခဲ့ကြရာ ယနေ့ စုစုပေါင်း လှူဒါန်းငွေမှာ ကျပ်သိန်းပေါင်း ၁၃၆၆ သိန်းဖြစ်ပြီး တာဝန်ရှိသူများက အသီးသီးလက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ယခု ထပ်မံလှူဒါန်းသည့် အလှူငွေများအားလည်း သက်ဆိုင်ရာ ကျန်ရစ်သူမိသားစုများလက်ဝယ်သို့ ဆက်လက်ပို့ဆောင် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ပျက်ကျခဲ့သည့် Y-8 လေယာဉ်နှင့်ပတ်သက်၍ လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို စတင်ပြုလုပ်လျက်ရှိကြောင်းနှင့် သက်ဆိုင်ရာလေယာဉ်ထုတ်လုပ်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်လည်းပူးပေါင်း၍ လေယာဉ်ပျက်ကျမှုအား စစ်ဆေးဖော်ထုတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး မြန်မာ-နယ်သာလန်စီးပွားရေးလုပ်ငန်းရှင်များ ပထမအကြိမ်တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇွန် ၈**

နယ်သာလန်-မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၌ ကျင်းပသည့် မြန်မာ-နယ်သာလန် နှစ်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေးပွဲတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် ရေအရင်းအမြစ်ကဏ္ဍများကို အဓိကဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် နယ်သာလန်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့ဝင် ၁၂ ဦး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင် ၆၀ တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်။

"မြန်မာနိုင်ငံက စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံ ဖြစ်ပါတယ်။ ထုတ်ကုန်တွေကလည်း စိုက်ပျိုးရေးထုတ်ကုန်တွေပဲဖြစ်တယ်။ ဒါကြောင့် လက်ရှိမှာ အောင်မြင်မှုရနေတဲ့ နယ်သာလန်နိုင်ငံက ကုန်ထုတ်လုပ်ငန်းတွေ၊ စက်ယန္တရားတွေနဲ့ ပေါင်းစပ်လိုက်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ပြည်ပပို့ကုန်တွေက အနောက်နိုင်ငံတွေ လက်ခံနိုင်မယ့်အဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု UMFCCI အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောသည်။



ဆွေးနွေးပွဲတွင် နယ်သာလန်နိုင်ငံမှ ရေအရင်းအမြစ်၊ စိုက်ပျိုးရေးကဏ္ဍများအပါအဝင် IT Software နှင့် Hardware ဝန်ဆောင်မှု၊ Engineering Consulting၊ Waste water treatment ဝန်ဆောင်မှုလုပ်ငန်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့သတ္တုလုပ်ငန်း၊ ရေကြောင်းထိန်းသိမ်းရေး၊ ဆိပ်ကမ်းတည်ဆောက် စီမံခန့်ခွဲမှုလုပ်ငန်း၊ လယ်ယာနှင့်ငါး၊ ပုစွန်ရောင်းဝယ်ရေးလုပ်ငန်း၊ နို့နှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ ကားအပိုပစ္စည်း၊ ကျန်းမာရေးနှင့်ဆိုင်သည့် ကိရိယာပစ္စည်းများ၊ ဓာတ်မြေဩဇာနှင့် လယ်ယာစိုက်ပျိုးရေးသုံးပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးရေး၊ ဘဏ်လုပ်ငန်း အစရှိသည့် လုပ်ငန်းကဏ္ဍများ ပါဝင်မည်ဖြစ်သည်။

နယ်သာလန်နိုင်ငံသည် ကမ္ဘာပေါ်တွင် စိုက်ပျိုးရေးထွက်ကုန် ပြည်ပတင်ပို့မှု ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၀၃ ဒသမ ၃ ဘီလီယံ ပြည်ပတင်ပို့မှုရှိကြောင်း သိရသည်။

မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံရုံးမှ Senior Economic and Commercial Officer ဒေါ်စန္ဒာမြင့်က "ရင်းနှီးမြှုပ်နှံမယ့်ကုမ္ပဏီတွေ မြန်မာနိုင်ငံကို ကိုယ်တိုင်လာကြည့်ပါ။ ကဏ္ဍစုံက လူအမျိုးမျိုးနဲ့ စကားတွေ ပြောကြည့်ပါ။ အဲဒီကနေ အချက်အလက်တွေယူပြီး စီးပွားရေးအခွင့်အလမ်းတွေအတွက် ဆုံးဖြတ်ချက်ချနိုင်ဖို့ ဖိတ်ခေါ်တာဖြစ်ပါတယ်။ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုထက် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးကြမှာဖြစ်ပါတယ်။ နောင်နှစ်တွေမှာလည်း ကဏ္ဍစုံက ကုမ္ပဏီအများအပြားကို ဖိတ်ခေါ်ဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့်နိုင်ငံများအနက် နယ်သာလန်နိုင်ငံသည် အဆင့်(၉) နေရာတွင် ရှိသည်။ ပြီးခဲ့သည့်နှစ်က မြန်မာ-နယ်သာလန် နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာသန်း ၁၄၀ ကျော်ရှိသည်။

မြန်မာ-နယ်သာလန် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် ၁၉၄၇ ခုနှစ်တွင် စတင်ခဲ့သည်။ အဆိုပါသံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့် အထိမ်းအမှတ်အဖြစ် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးအတွက် နယ်သာလန်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

**သတင်း-နန္ဒာဝင်း၊ မြတ်စန္ဒီ**
**ဓာတ်ပုံ-မြတ်နန္ဒ**

# ကြွက်ဝမ်းဖြူများဝင်ရောက်မှုမှာ မျိုးပွားနှုန်းမြင့်မားမှုနှင့် အစာရှားပါးမှုကြောင့်ဖြစ်ပြီး အခြားအန္တရာယ်မရှိ

**ဟိုင်းကြီးကျွန်း ဇွန် ၈**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ကျေးရွာများတွင် လတ်တလောဖြစ်ပေါ်လျက်ရှိသော ကြွက်ဝမ်းဖြူများဝင်ရောက်မှုမှာ ဝါးသီးများစားသောက်ခြင်းကြောင့် မျိုးပွားနှုန်းမြင့်မားပြီး အစာရေစာရှားပါးလာသဖြင့် ရွာများသို့ ဝင်ရောက်လာခြင်းဖြစ်ကြောင်းနှင့် ဘေးအန္တရာယ်မရှိကြောင်း အဆိုပါကျေးရွာတွင် ဇွန် ၇ ရက်က ပြုလုပ်သော ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေးပွဲမှ သိရသည်။

ဆွေးနွေးပွဲတွင် ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ကျော်က ကြွက်မျိုးပွားနှုန်းအကြောင်း ရှင်းရှင်းလင်းဆွေးနွေးသည်။ ဆွေးနွေးပွဲများကို သံကြိုးလမ်းကျေးရွာ ဓမ္မဝိဇရာမကျောင်းတိုက်၊ ဇီးချိုင်ကျေးရွာ ကျောင်းသစ်ဘုန်းတော်ကြီးကျောင်းတို့တွင် ပြုလုပ်ခဲ့ပြီး ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အခြားဌာနဆိုင်ရာများက ကြွက်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ရန် နေလုံးနီပရဟိတအသင်းသို့ အလှူငွေကျပ် ၁၁၀၀၀၀ ကို ပေးအပ်ခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာန၏ ဆွေးနွေးချက်များအရ လွန်ခဲ့သော ငါးလခန့်က သစ်တောများအတွင်း ဝါးသီးများသီးခဲ့ပြီး အဆိုပါဝါးသီးများကို စားသောက်ခဲ့သော ကြွက်များသည် ဟော်မုန်းဓာတ်မြင့်မားစွာပါဝင်သည့် ဝါးသီးများကို စားသောက်မိရာမှ မျိုးပွားနှုန်းမြင့်မားလာပြီး ကြွက်ကောင်ရေ တိုးပွားလာခြင်းဖြစ်ကြောင်း အစားအသောက် ရှားပါးမှုများကြောင့် ကြွက်များမှာ နေရပ်စွန့်ခွာ၍ အစုလိုက်အပြုံလိုက် ပြောင်းရွှေ့လာခြင်းဖြစ်ကြောင်း၊ ကြွက်များကို ဗိုက်ခွဲစမ်းသပ်ကြည့်ရာတွင် ဖာလာပင်၊ တညင်းသီးတို့ကို စားသောက်ထားရှိမှုကို တွေ့ရှိရကြောင်း၊ ဒေသခံများစိုးရိမ်နေကြသော ရောဂါပိုးနှင့်ပတ်သက်၍ ကြွက်၏သန်းကို ဓာတ်ပုံရိုက်ယူပြီး ပညာရှင်နှင့် ပြသကြည့်ရာတွင် ပုလိပ်ရောဂါပိုး သယ်ဆောင်သည့် သန်းမဟုတ်ကြောင်းနှင့် စိုက်ပျိုးရာသီမတိုင်မီ လူထုလှုပ်ရှားမှုတစ်ရပ်အနေဖြင့် ကြွက်များကို နှိမ်နင်းသင့်ကြောင်း သိရသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကြွက်နှင့်ပတ်သက်၍ ရောဂါရှိမရှိသိနိုင်ရန် စမ်းသပ်နေဆဲဖြစ်ကြောင်း၊ ကြွက်များ ပုံမှန်သွားလာနေစဉ် ပြုတ်ကျသေဆုံးခြင်းများ မကြာခဏဖြစ်ပေါ်လာမည်ဆိုပါက ရောဂါပိုးရှိနိုင်သည့် အခြေအနေတစ်ခုဖြစ်နိုင်ကြောင်း ထိုကဲ့သို့ ဖြစ်စဉ်များရှိလာပါက နီးစပ်ရာကျန်းမာရေးဌာနကို အမြန်အကြောင်းကြားရန်လိုကြောင်းနှင့် ကြွက်တွေ့ရှိသော ကျေးရွာများမှ ပြည်သူများ၏ ကျန်းမာရေးအခြေအနေများကို စောင့်ကြည့်စစ်ဆေးမှုများဆောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ကြွက်နှင့်ပတ်သက်ပြီး ရောဂါပိုးပါရှိမှုအခြေအနေကို စမ်းသပ်ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေဖြင့် သဘာဝဘေးလက္ခဏာမျိုးဖြစ်ပါက ကုန်းနေရေနေ သတ္တဝါအားလုံးက လက္ခဏာပြမည့် သဘာဝရှိကြောင်း၊ သဘာဝဘေးနှင့်ပတ်သက်၍ စိုးရိမ်စရာမရှိကြောင်း လူမှုကွန်ရက်စာမျက်နှာများ နေရာအနှံ့ရှိနေပြီဖြစ်သောကြောင့် သဘာဝဘေးအခြေအနေကို လူတိုင်းလက်လှမ်းမီစွာ သိရှိနိုင်ပြီဖြစ်၍ သတိရှိနေရန် လိုအပ်ကြောင်း ဒေသခံပြည်သူများအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



# အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်း International Quality Summit Award ဆုရရှိ

**နေပြည်တော် ဇွန် ၈**

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း (IKBZ Insurance)အား စပိန်နိုင်ငံ အခြေစိုက် Business Initiative Directions (BID) အဖွဲ့က ၂၀၁၇ ခုနှစ်အတွက် ရွေးချယ်ချီးမြှင့်သည့် International Quality Summit Award ဆုချီးမြှင့်ခဲ့ရာ မေ ၂၉ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ Marriott Marquis ဟိုတယ်၌ IKBZ Insurance မှ ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်နှင့် စာရင်းကိုင်အရာရှိချုပ် ဦးနေမျိုးအောင်တို့ လက်ခံရယူကြကြောင်း သိရသည်။

အခမ်းအနားတွင် ဦးညိုမြင့်က IKBZ အာမခံကုမ္ပဏီသည် မြန်မာနိုင်ငံ၏ ပထမဆုံးသော ပုဂ္ဂလိကအာမခံကုမ္ပဏီဖြစ်ပြီး နိုင်ငံအနှံ့အပြား၌ အာမခံရုံးခွဲအရေအတွက် အများဆုံးဖြင့် ပြည်သူလူထုကို အနီးကပ်အာမခံဝန်ဆောင်မှု ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ယခုအချိန်ကဲ့သို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ရပ်လုံးက တညီတညွတ်တည်း ပါဝင်ဆောင်ရွက်နေချိန်တွင် နိုင်ငံတော်က ဦးဆောင် လမ်းညွှန်သည့်အတိုင်း အာမခံလုပ်ငန်းကဏ္ဍ ပြောင်းလဲတိုးတက်ရေးအတွက် အရေအတွက်သာမက အရည်အသွေးအကောင်းဆုံးဖြစ်စေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်" ဟု ပြောသည်။

ဆုချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ BID ၏ ထုတ်ပြန်ချက်တွင် IKBZ Insurance သည် နိုင်ငံတော်က ပုဂ္ဂလိကအဖွဲ့အစည်းများအား အာမခံလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပေးသည့် ကာလနောက်ပိုင်း ဈေးကွက်ဝေစုအများဆုံးဖြင့် ပြည်သူများ၏အာမခံလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို အကောင်းဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်း၊ ဈေးကွက်ဝေစုပမာဏသာမက အာမခံလျော်ကြေးငွေများကို လျင်မြန်စွာ ထုတ်ပေးနိုင်ခြင်းအပါအဝင် အရည်အသွေးကောင်းမွန်သည့် ဝန်ဆောင်မှုများစွာ ပေးအပ်နိုင်ခဲ့ကြောင်း၊ ယင်းကဲ့သို့ စံထားလောက်သော အရည်အသွေးများ၊ ဝန်ဆောင်မှုများနှင့် နည်းပညာအသုံးချဆောင်ရွက်မှု ကောင်းမွန်ခြင်းတို့ကြောင့် ဆုချီးမြှင့်ရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ IKBZ အာမခံကုမ္ပဏီသည် ၂၀၁၅ခုနှစ် နှင့် ၂၀၁၆ ခုနှစ်များအတွက် World Finance အဖွဲ့အစည်းက ချီးမြှင့်သော အကောင်းဆုံး အသက်အာမခံလုပ်ငန်းဆုနှင့် အကောင်းဆုံးအထွေထွေအာမခံလုပ်ငန်းဆုများကို နှစ်နှစ်ဆက် ရရှိထားပြီးဖြစ်ကြောင်း သိရသည်။

**(ဝဝဝ)**

## ✪ ကြည့်မြင်တိုင်မှ

ရေငန်မှရေချိုချက်လုပ်သည့်နည်းပညာများမှာ စရိတ်စကကြီးမြင့်လှသည့်အတွက် ဆော်ဒီအာရေဗျ၊ စင်ကာပူစသည့်နိုင်ငံများသော်မှ အကန့်အသတ်ဖြင့်သာ ရေချိုချက်လုပ်ယူနေရကြောင်း ဆရာကျော်ဦးရေးသားသည့် မိုးရေလှောင်ကန်စာအုပ်တွင် ဖော်ပြပါရှိသည်။

အဆိုပါ လှိုင်မြစ်အနောက်ဘက်ကမ်း ကြည့်မြင်တိုင်မြို့နယ်ရှိ ရပ်ကွက်ကြီးလေးခုတွင်မိုးရေခံရေကန်ပေါင်း ၃၂ခုရှိပြီး အလတ်ချောင်းရပ်ကွက်သည် မိုးရေကန်လေးခုရှိသည့်အနက်သန့်ရှင်းသောကန်တစ်ကန်သာ သောက်ရေကန်အဖြစ်အဓိကသုံးစွဲနေခြင်းဖြစ်သည်။ "ကျွန်တော်တို့ငယ်ငယ်တုန်းက ဒီကန်တွေကလုံးဝမခန်းဘူး။ မိုးရာသီဆိုရင်ရေတွေလျှံလို့ ဖောက်ချနေရတာ။ အခုရာသီဥတုကအရင်နဲ့မတူတော့ဘူး။ တဖြည်းဖြည်းနဲ့ပိုပူလာတော့ ခန်းတာမြန်တာပေါ့။နွေရာသီအတွက် မိုးတွင်းကတည်းက ရေကိုကြိုတင်စုဆောင်းထားရတာပေါ့"ဟု ၎င်းက ဆက်လက်ပြောကြားသည်။ စူးစမ်းလေ့လာထားသည့်မိုးလေဝသစခန်း ၁၉ ခုမှ ဆန်းစစ်သုံးသပ်ချက်များအရ မြန်မာနိုင်ငံသည်ရာသီဥတုပြောင်းလဲနေပြီးဖြစ်ပါသည်။၁၉၈၁ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်အတွင်း ပျမ်းမျှအပူချိန်များမှာ သုည ဒသမ ၂၅ စင်တီဂရိတ်မြင့်တက်လာခဲ့သည်။

အဆိုပါ သောက်ရေကန်အတွင်းသို့ မိုးရေလုံလောက်စွာ မရရှိသည့်နွေရာသီတွင်ရုတ်တရက်ရေပြတ်လက်သောအချိန်များ၌ ယင်းမြို့နယ်စည်ပင်သာယာရေးကော်မတီမှ ရေဂါလန်၃၀၀၀နှင့် သဘော်မှရေဂါလန်၅၀၀၀တို့ကို အဖွဲ့အစည်းများက လှူဒါန်းထားသောအုတ်ကန်နှင့်ပလတ်စတစ်ကန်၁၁ ကန်ထဲသို့ထည့်သွင်းပေးကြောင်း သိရသည်။

ယင်းရပ်ကွက်သည် မိုးရာသီတွင်သောက်ရေအတွက် မိုးရေကို စဉ့်အိုးများဖြင့် ခံယူသုံးစွဲလေ့ရှိပြီး မလုံလောက်သည့်အချို့နွေရာသီများတွင်တစ်ထမ်းလျှင်ကျပ် ၂၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိရာတစ်ပီပါလျှင် ကျပ် ၁၀၀၀၊ ကျပ် ၁၂၀၀ တို့ဖြင့် အနီးအဝေးပေါ်မူတည်၍ရောင်းချပေးနေခြင်းဖြစ်သည်။

ကြည့်မြင်တိုင်မြို့နယ်တွင်ရပ်ကွက် ၂၂ ခုရှိရာ အလတ်ချောင်းရပ်ကွက်တွင် အိမ်ထောင်စု ၂၉၅၁ စုနှင့်လူဦးရေ ၁၄၇၅၁ ဦး နေထိုင်လျက်ရှိကြောင်း သိရသည်။ **(နဒီလှိုင်း)**

# အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ရေးဆွဲရေးအတွက် ကျွမ်းကျင်ပညာရှင်များ ပြန်လည်သုံးသပ်ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၈**

အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ရေးဆွဲရေးအတွက် ကျွမ်းကျင်ပညာရှင်များ ပြန်လည်သုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၆ ရက် နံနက်ပိုင်းက THE AMARA Hotel Majesty ခန်းမ၌ ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ကျော်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒသစ်ရေးဆွဲရေးလုပ်ငန်းအဖွဲ့ အသီးသီး၌ ပါဝင်သော အစိုးရဌာနများမှ အရာရှိကြီးများ၊ ကျွမ်းကျင်ပညာရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားထားသူများ စုစုပေါင်း ၄၆ ဦး တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ စီမံကိန်းဌာန ဌာနမှူး ရဲမှူးကြီး ဇော်လင်းထွန်းက အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ရေးဆွဲရေးကို စတင်အကောင်အထည်ဖော် ဆောင်ရွက်မှု လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားဆွေးနွေးခဲ့သည်။

ယင်းနောက် ဆွေးနွေးပွဲတက်ရောက်သည့် ကိုယ်စားလှယ်များက အုပ်စုနှစ်စုခွဲ၍ ဆွေးနွေးခြင်းများ ပြုလုပ်ပြီး ဆွေးနွေးပွဲကို ဇွန် ၆ ရက်မှ ၇ ရက်အထိ နှစ်ရက်ကြာ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ရေးဆွဲရေးအတွက် ကျွမ်းကျင်ပညာရှင်များ ပြန်လည်သုံးသပ်ဆွေးနွေးပွဲ ကျင်းပစဉ်။

# လူထုဗဟိုပြုစီမံကိန်းလူထုစစ်ဆေးပွဲ အောင်မြင်စွာကျင်းပ

**ကော့မှူး ဇွန် ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်အဖွဲ့တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်းက ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပိန္နဲကုန်းကျေးရွာ ခရေမြိုင်လမ်း အုတ်စီတောင်မြေခင်းခြင်းလုပ်ငန်းနှင့် စံပယ်မြိုင်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် လူထုစစ်ဆေးပွဲကို ယခုလပထမပတ်၌ ပြုလုပ်ခဲ့သည်။

လူထုစည်းရုံးရေးမှူး၊ လက်ထောက်နည်းပညာမှူးနှင့် ကျေးရွာကော်မတီဝင်များက လူထုစစ်ဆေးပွဲတွင် စီမံကိန်းလုပ်ငန်းစဉ်တစ်လျှောက် လုပ်ငန်းအကောင်အထည်ဖော်ခဲ့မှုအစီအစဉ်များ၊ ဘဏ္ဍာရေးစာရင်းရှင်းတမ်း၊ ဝယ်ယူရေးလုပ်ငန်းစဉ်များ၊ လည်ပတ်ထိန်းသိမ်းရေးအစီအစဉ် ရေးဆွဲထားမှုများနှင့် ဝေဖန်အကြံပြုစာရရှိမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး အပြန်အလှန်အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အစားထိုးသီးနှံ မျိုးစပါး၊ ယာသီးနှံ၊ နှစ်ရှည်ပင်များပေးအပ်

**မိုးမိတ် ဇွန် ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်တွင် အစားထိုးသီးနှံ(ပုလဲသွယ်)၊ ယာသီးနှံ(ပဲပုပ်)နှင့် နှစ်ရှည်ပင်(လျှော်ဖြူပင်)များ ဖြန့်ဖြူးပေးအပ်ပွဲကို ဇွန် ၄ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး ပညာပေးခန်းမ၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်မော်မော်လွင်က အစားထိုးသီးနှံမျိုးစေ့များနှင့် ပျိုးပင်များပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းခဲ့သည်။ အဆိုပါပေးအပ်ပွဲတွင် မျိုးစပါးဧက ၁၀၀ စာ ကီလို ၇၀၀၊ ပဲပုပ်ခြောက်ဧကစာ ၁၃ တင်း၊ လျှော်ဖြူငါးဧကစာ အပင် ၁၂၀၀ တို့ကို တောင်သူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ၂၃ သိန်းခန့်ရှိ မသန်စွမ်းသူများသည် လူမှုအသိုင်းအဝိုင်းအကျိုးပြုအစွမ်းအစများ ပြလိုသူများဖြစ်

**မုံရွာ ဇွန် ၈**

မြန်မာနိုင်ငံလူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သည့် ၂၃ သိန်းခန့်ရှိသော မသန်စွမ်းသူများသည် လူမှုအသိုင်းအဝိုင်းအကျိုးပြုအစွမ်းအစများကို ပြသလိုသူများဖြစ်ကြကြောင်း မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ဥက္ကဌ ဦးနေလင်းစိုးက ဇွန် ၆ ရက်က ရန်ကုန်မြို့ Park Royal Hotel တွင် ကျင်းပသည့် မသန်စွမ်းသူများ အကျိုးဝင်ရွေးကောက်ပွဲဆိုင်ရာ မီဒီယာဆုချီးမြှင့်ပွဲတွင် ပြောကြားသည်။

"မြန်မာနိုင်ငံဟာ တစ်စထက်တစ်စ ပြောင်းလဲပွင့်လင်းတဲ့ ဒီမိုကရေစီအခြေခံသော လူ့ဘောင်အဖွဲ့အစည်း ဦးတည်ဆောင်ရွက်နေချိန်မှာ မြန်မာနိုင်ငံ လူဦးရေရဲ့ ၄ ဒသမ ၆ ရာခိုင်နှုန်းဖြစ်တဲ့ ၂၃ သိန်းခန့်သော မသန်စွမ်းတွေဟာလည်း နိုင်ငံအတွက်၊ ရပ်ရွာအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ တစ်စိတ်တစ်ဒေသ တစ်ဖက်တစ်လမ်းက လူမှုအသိုင်းအဝိုင်းအတွက် အကျိုးပြုနိုင်တဲ့သူတွေဖြစ်တယ်ဆိုတာကို မသန်စွမ်းသူများအနေနဲ့ အစွမ်းအစပြလိုကြသူများ ဖြစ်ကြပါတယ်။ ဒါပေမယ့်လည်း ဒီအခြေအနေအခွင့်အရေးတွေဟာ အခြေအနေအရ တားဆီးခံရပြီး မှေးမှိန်နေကြရပါတယ်။ ဒါနဲ့အတူ အစွမ်းအစတွေကလည်း အားနည်းနေတာဖြစ်ပါတယ်။ ပွင့်လင်းစပြုလာတဲ့ ဒီမိုကရေစီကို သွားနေတဲ့ အခုလိုအချိန်မှာ မသန်စွမ်းတွေအနေနဲ့ နိုင်သလောက်၊ စွမ်းသလောက် ဆောင်ရွက်သွားကြမှာပါ"ဟု ဦးနေလင်းစိုးက ပြောသည်။

မသန်စွမ်းသူများနှင့် မသန်စွမ်းသူများအခွင့်အရေး လူတိုင်းအကျုံးဝင်ရွေးကောက်ပွဲအခြေအနေများကို သတင်းဖြင့်လွှမ်းခြုံရေးသားသည့်အခါ ပိုမိုထိရောက်အားကောင်းသည့် သတင်းများ ဖြစ်ပေါ်လာရေးနှင့် အနာဂတ်တွင် အခြေအနေကောင်းများဖြစ်ထွန်းလာစေရန် အနာဂတ်မြန်မာနိုင်ငံ ရွေးကောက်ပွဲများတွင် မသန်စွမ်းသူများ အများနှင့်တန်းတူ လက်လှမ်းမီပါဝင်နိုင်ရေးနှင့် မဲပေးရသည်မှာ နိုင်ငံအတွက် မည်မျှအရေးကြီးသည်ဆိုခြင်းကို သိရှိစေရန်အတွက် မသန်စွမ်းသူများ အကျုံးဝင်ရွေးကောက်ပွဲဆိုင်ရာ မီဒီယာဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

မီဒီယာဆုချီးမြှင့်ပွဲကို နံနက် ၉ နာရီတွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဌ ဦးရဲမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဦးနေလင်းစိုးက ပြိုင်ပွဲလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒိုင်အဖွဲ့ဝင် ဆရာဦးဝင်းငြိမ်းက ဒိုင်လူကြီးများ ကိုယ်စားဆုရွေးချယ်ခြင်း လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ရှင်းပြသည်။ ဆက်လက်၍ ဆုများကို ချီးမြှင့်ရာ မသန်စွမ်းသူများ အကျုံးဝင်ရွေးကောက်ပွဲဆိုင်ရာ သတင်းပြိုင်ပွဲ ပထမဆုရ မြန်မာ့အသံ(ရေဒီယို)မှ ဒေါ်စုသက်မှူး၊ ဒုတိယဆုရ 7 Days မှ ဦးသက်အောင် တတိယဆုရ DVB မှ ဦးကိုကိုမောင်၊ ဆောင်းပါးဆု ပထမရ ဦးကြည်ထွန်း(လူမှု)၊ ဒုတိယဆုရ ဦးစိုးသူရ၊ တတိယဆုရ ဆရာမြတ်(ကလေး)၊ ဓာတ်ပုံပထမဆုရ ဒေါ်မြင့်မြတ်စံ၊ ဒုတိယဆုရ ဦးမင်းကိုကိုနှင့် တတိယဆုရ မျိုးဝင်းထွန်း(မုံရွာ) တို့ကို ဆုတံဆိပ်နှင့် ဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အရေးဆိုတင်ပြခြင်းလမ်းညွှန်ဆွေးနွေးပွဲကို ကျင်းပရာ ဒေါ်ယုယသူက မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာအရေးကို တင်ပြဆွေးနွေးခြင်း လမ်းညွှန်စာအုပ်၏ နောက်ခံသမိုင်းအကျဉ်းကို ရှင်းလင်းတင်ပြကာ ဒေါ်ယုယုဆွေက General Advocacy အကြောင်းကို ရှင်းပြသည်။

ထို့နောက် ဦးနေလင်းစိုးက Advocacy ကို ရှင်းပြပြီး လမ်းညွှန်စာအုပ်ကို အဖွဲ့လိုက် ခြုံငုံသုံးသပ်ကာ ဒေါ်ယုယုဆွေနှင့် ဦးတင့်ဇော်ဟိန်းတို့က ပြန်လည်တင်ပြသည်။

ထို့နောက် Advocacy လုပ်ငန်းစဉ်များ လက်တွေ့ပြုလုပ်ခြင်းနှင့် ပြန်လည်ဆွေးနွေးခြင်းများကို ဦးတင့်ဇော်ဟိန်းက ဦးဆောင်ပြုလုပ်ပြီး မီလီအဖွဲ့နှင့် တက်ရောက်သူများက တစ်နေ့တာ ပြန်လည်သုံးသပ်ခြင်းကို ဆောင်ရွက်ကြကာ ဂုဏ်ပြုလက်မှတ်များပေးအပ်ခဲ့သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ကွမ်းခြံကျေးရွာ အလယ်တန်းကျောင်း အဆင့်တိုးမြှင့်

**လယ်ဝေး ဇွန် ၈**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ကွမ်းခြံကျေးရွာ အလက(ခွဲ)အား အလယ်တန်းကျောင်းအဆင့်တိုးမြှင့်သည့် ဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ဦးမျိုးကျော်ကျော်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းကြွယ်တို့က အလယ်တန်းကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်အတွင်း အခြေခံပညာကျောင်း ၂၅၅ ကျောင်းရှိရာ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း အထက နှစ်ကျောင်း၊ အထကခွဲ ခုနစ်ကျောင်း၊ အလက ကိုးကျောင်း၊ အလက(ခွဲ) နှစ်ကျောင်း၊ မူလွန် လေးကျောင်း၊ မူလတန်း လေးကျောင်း၊ မူခွဲ နှစ်ကျောင်း စုစုပေါင်းကျောင်း ၃၀ အဆင့်တိုးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ကောလင်းမြို့ပေါ် ခြောက်ရပ်ကွက်၌ သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေး၊ ခြင်၊ ယင်များ မပေါက်ပွားစေရေးတို့အတွက် ဇွန် ၇ ရက် နံနက် ၈ နာရီက မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ တစ်အိမ်တက်ဆင်း ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်စဉ်။** အောင်ကျော်စိုး(ကောလင်း)



# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုများဆောင်ရွက်

**ဒေးဒရဲ ဇွန် ၈**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုလှုပ်ရှားမှုအဖြစ် ဒေးဒရဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဒေးဒရဲမြို့နယ် လေးအိမ်ကုန်းကျေးရွာ အလယ်တန်းကျောင်းတွင် ရွှေ့လျားပြန်ဆက်လုပ်ငန်းများဆောင်ရွက်ခြင်း၊ မူးယစ်ဆေးပညာပေး နံရံကပ်စာစောင်နှင့် မှတ်တမ်းပုံများခင်းကျင်းပြသခြင်း၊ စာပေရေချမ်းစင် စာအုပ်များငှားရမ်းပေးခြင်း၊ အသိပညာပေး ဟောပြောခြင်းနှင့် မူးယစ်ဆေးဝါးရှောင်ရှားရေး အသိပညာဗဟုသုတအမေး၊ အဖြေပြုလုပ်၍ ဆုရရှိသူအား ဆုများချီးမြှင့်ခြင်းအစီအစဉ်များကို ဇွန် ၇ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(သပြေထွန်း)**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅၄ စီး၊ သွင်းကုန် ၅၈၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၇ စီး၊ သွင်းကုန် ၁၈၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။



သို့ဝှက်သယ်ဆောင်လာသော ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံး အရွယ်အစားမျိုးစုံ

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၇ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃ ဒသမ ၅၅ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅ ဒသမ ၉၇၀၅ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၅ မှု (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉ ဒသမ ၅၂၀၅ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၁၉၇/၆) နှင့် မိုင်တိုင်အမှတ် (၂၀၄/၂) အနီးတို့၌ Toyota Alphard နှင့် Toyota Mark X ယာဉ်တို့အား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့က သတင်းရရှိ၍ စစ်ဆေးရန် တားဆီးစဉ် အတင်းမောင်းနှင် ထွက်ပြေးသဖြင့် လိုက်လံတားဆီးပြီး ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းသို့ ခေါ်ဆောင်စစ်ဆေးခဲ့ရာ ယာဉ်၏ထိုင်ခုံအောက်တွင် အံဝှက်များပြုလုပ်၍လည်းကောင်း၊ ယာဉ်ရှေ့ နောက်ထိုင်ခုံနှင့် ယာဉ်နောက်ဖုံးအတွင်း၌လည်းကောင်း သိုဝှက်သယ်ဆောင်လာသော ကျောက်စိမ်းဟု ယူဆရသည့် ကျောက်တုံး အရွယ်အစားမျိုးစုံ စုစုပေါင်း ၃၉၅ တုံး (1871kg) သယ်ဆောင်သည့် ယာဉ်နှစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃ ဒသမ ၅၅ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ ပုစွန်ကန်အစောင့်တစ်ဦးအား လူ ၂၅ ဦးခန့်က ဖမ်းဆီးခေါ်ဆောင်သွား

**နေပြည်တော် ဇွန် ၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် သလူးချောင်းကျေးရွာတွင် ပုစွန်ကန်အစောင့်တစ်ဦးကို ဇွန် ၅ ရက် ညပိုင်းက မျက်နှာဖုံးစွပ် လူ ၂၅ ဦးခန့်က ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

မောင်တောမြို့နယ်(၂)ရပ်ကွက်မှ အီဘရာဟင်းအပါအဝင် လေးဦးသည် သလူးချောင်းကျေးရွာတောင်ဘက်ရှိ ပုစွန်ကန်အား ညစောင့်အိပ်စဉ် ဇွန် ၅ ရက် ည ၉ နာရီခန့်က မင်္ဂလာကြီးချောင်းအတိုင်း လောင်းလှေ နှစ်စင်းဖြင့် မျက်နှာဖုံးစွပ် လူ ၂၅ ဦးခန့် ရောက်ရှိလာပြီး အီဘရာဟင်းအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။

အဆိုပါအဖွဲ့သည် တဲ၌ရှိနေသည့် ဂေါင်ညာကျေးရွာနေ နူကာမာအပါအဝင် သုံးဦးအား လက်ပြန်ကြိုးတုပ်ပြီး ရိုက်နှက်ခဲ့သောကြောင့် ၎င်းတို့မှာ သတိလစ်မေ့မြောနေခဲ့ရာမှ ဇွန် ၇ ရက် မွန်းလွဲပိုင်းတွင် နူကာမာက ရွှက်ညိုတောင်ရဲကင်းစခန်းသို့ ဖြစ်စဉ်အား လာရောက်အကြောင်းကြားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၈**

မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေးတောင်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၇ ရက်က သာစည်မြို့နယ် ယင်းမာပင်ကျေးရွာအထွက် တောင်ကြီး-မိတ္ထီလာကားလမ်းမပေါ်တွင် ခရီးသည်တင် မှန်လုံယာဉ်ကို ရှာဖွေရာ ခရီးသည် ဇော်ညီညီစိုး၏ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၊ ငွေကျပ် ၅၄၅၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၆ ရက်က ချမ်းမြသာစည်မြို့နယ် (၆၅)လမ်းနှင့် သိပ္ပံလမ်းထောင့်ရှိ Jazz place KTV စားသောက်ဆိုင်၌ အောင်ကိုကိုဟိန်းအား ရှာဖွေရာ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



ဇော်ညီညီစိုး(ခ)ဇော်ညီအား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# အိမ်အတွင်းမှ ရွှေထည်နှင့် ငွေကြေးများ ခိုးယူခံရ

**မြစ်ကြီးနား ဇွန် ၈**

ဖားကန့်မြို့နယ် တာမခန်ကျေးရွာ၌ ဇွန် ၈ ရက် ညနေ ၆ နာရီခန့်က အိမ်အတွင်းဝင်ရောက်ပြီး ရွှေထည်နှင့်ငွေကြေး၊ လက်ကိုင်တယ်လီဖုန်းများ ခိုးယူမှုဖြစ်ပွားခဲ့ကြောင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဒေါ်သဲသဲစု(၃၉)နှစ်သည် ကုန်စိမ်းရောင်းရန် ထွက်သွားပြီး အိမ်သို့ပြန်အရောက်တွင် နေအိမ်တံခါးသော့ဖွင့်ဝင်ပြီး နောက်ဖေးတံခါးပွင့်နေသည်ကိုတွေ့ရှိရသဖြင့် အိမ်ခန်းအတွင်း ရွှေထည်များထည့်ထားသည့် အိတ်အားဖွင့်ကြည့်ရာ နှစ်ကျပ်သားခန့် ရွှေဆွဲကြိုး တစ်ကုံး၊ SAMSUNG ဆင်းကတ်ပါဖုန်းတစ်လုံး၊ HELLO ဖုန်းတစ်လုံးနှင့် ငွေကျပ် ၄၆၀၀၀၀ ခန့်တို့ ပျောက်ဆုံးသွားကြောင်း သိရသဖြင့် ၎င်းက နယ်မြေရဲစခန်းတွင် တရားလိုပြုလုပ်တိုင်တန်းလာသဖြင့် နယ်မြေရဲစခန်းဖားကန့်မှ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မင်းမင်းဦး)**

# မော်တော်ယာဉ်မောင်းနှင်ရာတွင် သတ်မှတ်ထားသည့် အမြန်နှုန်းထက် ပို၍ မောင်းနှင်မှုမရှိစေရေး အသိပေးနှိုးဆော်ချက်

၁။ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီသည် ယာဉ်မတော်တဆ ထိခိုက်မှုကြောင့် ပြည်သူတို့၏ အသက်နှင့်လူမှုဘဝဆုံးရှုံးမှုများ၊ ထိခိုက်ဒဏ်ရာရမှုများ လျော့နည်းကျဆင်းလာစေရေးအတွက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာအစီအမံများနှင့် လုပ်ငန်းစဉ်များကို ချမှတ်၍ အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ယာဉ်မတော်တဆမှုကြောင့် ပျမ်းမျှတစ်နေ့လျှင် လူ ၈၀ ဝန်းကျင် ဒဏ်ရာရရှိပြီး ၁၀ ဦးနှင့်အထက် သေဆုံးမှုများဖြစ်ပွားလျက်ရှိရာ ယာဉ်မောင်းများ၏ အရှိန်ပြင်းမောင်းနှင့်မှုသည် အဓိကအကြောင်းရင်းအဖြစ် ပါဝင်နေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၃။ အမြန်နှုန်းများနှင့်စပ်လျဉ်း၍ တည်ဆဲမော်တော်ယာဉ်ဥပဒေ၊ မော်တော်ယာဉ်နည်းဥပဒေ၊ အမြန်လမ်းမကြီးများ ဥပဒေများအရ အောက်ပါအတိုင်း သတ်မှတ်ထားပြီးဖြစ်ပါသည်-

(က) တည်ဆဲမော်တော်ယာဉ်ဥပဒေ ပုဒ်မ ၄၉၊ ပုဒ်မခွဲ(က) တွင် **"မော်တော်ယာဉ်ကို သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်ခြင်း သို့မဟုတ် သတ်မှတ်ထားသည့် အမြန်နှုန်းအောက် လျှော့၍ မောင်းနှင်ခြင်းမပြုလုပ်ရ"** ဟူ၍ ပြဋ္ဌာန်းထားပါသည်။

(ခ) တည်ဆဲ ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေများ၏ နည်းဥပဒေ ၁၄၃ တွင် အမြန်နှုန်း သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သတ်မှတ်ပြဋ္ဌာန်းထားပါသည်-

၁၄၃။ (က) လမ်းအခြေအနေကောင်းလျှင် သာမန်အားဖြင့် မြို့၏နယ်နိမိတ်အတွင်း၌ မော်တော်ယာဉ်မောင်းနှင်မှု အမြန်နှုန်းကို တစ်နာရီလျှင် ၄၈ ကီလိုမီတာ (၃၀မိုင်) ထက် ပို၍လည်းကောင်း၊ မြို့၏နယ်နိမိတ်ပြင်ပ၌ မြို့နယ်တစ်ခုနှင့်တစ်ခုကို ဆက်သွယ်ထားသည့် လမ်းမကြီးပေါ်တွင် တစ်နာရီလျှင် ၈၀ ကီလိုမီတာ (၅၀ မိုင်) ထက် ပို၍လည်းကောင်း မမောင်းရ။

(ခ) နောက်တွဲပါသောယာဉ် သို့မဟုတ် မီးလောင်ပေါက်ကွဲတတ်သော ပစ္စည်းများ တင်ဆောင်သော ယာဉ်အတွက် အမြန်နှုန်းကို မြို့၏နယ်နိမိတ်အတွင်း၌ တစ်နာရီလျှင် ၃၂ ကီလိုမီတာ (၂၀ မိုင်) ထက် ပို၍လည်းကောင်း၊ မြို့၏ နယ်နိမိတ်ပြင်ပ၌ မြို့နယ်တစ်ခုနှင့်တစ်ခုကို ဆက်သွယ်ထားသည့် လမ်းမကြီးပေါ်တွင် တစ်နာရီလျှင် ၅၆ ကီလိုမီတာ (၃၅ မိုင်) ထက် ပို၍လည်းကောင်း မမောင်းရ။

(ဂ) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းထားသော တိုင်းဒေသကြီး/ ပြည်နယ်အဆင့်ရှိ အဖွဲ့သည် လမ်းအခြေအနေအရ အမြန်နှုန်းများကို နည်းဥပဒေခွဲ(က)နှင့်(ခ)ပါ ပြဋ္ဌာန်းချက်များအတွင်း လိုအပ်သလို သတ်မှတ်နိုင်သည်။

(ဃ) မြို့၏နယ်နိမိတ်အတွင်း၌ နှစ်လမ်းမောင်းလမ်း၏ တစ်ဖက်တစ်ချက်တွင် ယာဉ်ကြောသုံးခုစီရှိပါက လက်ဝဲစွန်းယာဉ်ကြောတွင် တစ်နာရီလျှင် ၆၄ ကီလိုမီတာ (၄၀ မိုင်) အထိ မောင်းနှင်ခွင့်ပြုသည်။

(င) ယာဉ်မောင်းသူသည် သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မိမိယာဉ်ကို မမောင်းနှင်ရ။

(ဂ) ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် မောင်းနှင်ရမည့် အမြန်နှုန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမြန်လမ်းမကြီးများ ဥပဒေနှင့်အညီ အောက်ပါအတိုင်း သတ်မှတ်ထားပြီးဖြစ်ပါသည်-

(၁) Telematic စနစ် တပ်ဆင်ထားသော ခရီးသည်တင်ယာဉ်များသည် တစ်နာရီလျှင် ၉၀ ကီလိုမီတာထက် ပိုမမောင်းရ။

(၂) အမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းမောင်းနှင်ခွင့်ပြုထားသော ကုန်တင်ယာဉ်ဝန်ပေါ့ (ပစ်ကပ်၊ Single Cab၊ လိုက်ထရပ်၊ တင်ဆောင်နိုင်အား (၃) တန်နှင့် (၃)တန်အောက် ဗင်န်နှင့်ထရပ်) မော်တော်ယာဉ်များသည် တစ်နာရီလျှင် ၆၀ ကီလိုမီတာထက် ပိုမမောင်းရ။

(၃) အမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းမောင်းနှင်ခွင့်ပြုထားသော ကုန်တင်ယာဉ် ဝန်လေး (တင်အား (၃)တန်နှင့်အထက် ဗင်န်နှင့် ထရပ်) မော်တော်ယာဉ်များသည် တစ်နာရီလျှင် ၆၀ ကီလိုမီတာထက် ပိုမမောင်းရ။

(၄) လူစီးယာဉ်များ (ဆလွန်း၊ စတေရှင်ဝက်ဂွန်၊ Double Cab) သည် တစ်နာရီလျှင် ၁၀၀ ကီလိုမီတာထက် ပိုမမောင်းရ။

(ဃ) ထို့ပြင်ဌာနဆိုင်ရာ၊ ပတ်ဝန်းကျင်ဆိုင်ရာ၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များအရ ဒေသအလိုက် အထူးသတ်မှတ်ထားသော အမြန်နှုန်းများကိုလည်း လိုက်နာရပါမည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းလုံးရှိ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် မိမိတို့၏ မော်တော်ယာဉ်များအား အထက်အပိုဒ်(၃)ပါ သတ်မှတ်ထားသည့် အမြန်နှုန်းများအတိုင်း အထူးသတိပြုလိုက်နာ မောင်းနှင်ကြရန်ဖြစ်ပါသည်။ နေရာဒေသနှင့် လမ်းအလိုက် သတ်မှတ်ထားသည့် အမြန်နှုန်းထက်လျှော့၍ မောင်းနှင်ခြင်းဖြင့် မိမိအပါအဝင် မိမိယာဉ်ပေါ်၌ လိုက်ပါစီးနင်းကြသူအားလုံး၏ ဘေးကင်းလုံခြုံမှုကို ဦးစားပေးကြရန် တိုက်တွန်းအပ်ပါသည်။

၅။ သတ်မှတ်အမြန်နှုန်းများထက်ပို၍ မောင်းနှင်မှုမရှိစေရေးကို ၉-၆-၂၀၁၇ ရက်နေ့မှ ၃၁-၇-၂၀၁၇ ရက်နေ့အထိ ပညာပေးကာလအဖြစ် သတ်မှတ်၍ အသိပညာပေးခြင်း၊ စစ်ဆေးကြပ်မတ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ၁-၈-၂၀၁၇ ရက်နေ့မှစတင်၍ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်သော ယာဉ်များအား တည်ဆဲမော်တော်ယာဉ်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**

# ကုန်တင်ယာဉ်နှင့် မီးရထား တိုက်မိ

**ကျိုက်ထို ဇွန် ၈**

ကျိုက်ထိုမြို့နယ် မုပ္ပလင်ကျေးရွာ ဂူကုန်းဘုန်းတော်ကြီးကျောင်း မုဒ်ဦးရှေ့ မုပ္ပလင်ဘူတာနှင့် ကျိုက္ကသာဘူတာအကြားမီးရထားမိုင်တိုင်အမှတ်(၈၆/၄) နှင့် (၈၆/၅)အကြား အတားအဆီးမရှိသော မီးရထားသံလမ်းကူးတွင် ယနေ့နံနက် ၁ နာရီခန့်က ကန့်သတ်ကုန်ပစ္စည်းများ တင်ဆောင်လာသော ယာဉ်နှင့်မီးရထားတိုက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ တရားမဝင်ကန့်သတ်ကုန်များဖြစ်သော Beer Chang များတင်ဆောင်လာသော 8K/---- Super Custom ယာဉ်သည် မရမ်းချောင် စစ်ဆေးရေးစခန်းကို ရှောင်ကွင်းနိုင်ရန် ရှောင်ကွင်းလမ်းတစ်ခုဖြစ်သော ကျိုက်ထိုမြို့နယ် စွပ္ပနူးကျေးရွာမှ မုပ္ပလင်ကျေးရွာဘက်သို့ ထွက်ပေါက်ဖြစ်သည့် ရထားသံလမ်းအကူးကို ကျော်ဖြတ်မောင်းနှင်စဉ် ရန်ကုန်မှ မော်လမြိုင်သို့ အမှတ်(၃၅)အဆန် စက်ခေါင်းမောင်း သန်းစိုးမောင်နှင်လာသည့် စက်ခေါင်းအမှတ် DF/---- ခရီးသည်တင်ရထားမှ ယာဉ်၏ ဦးခေါင်းယာဘက်ခြမ်းအား တိုက်မိခဲ့သည်။

ရထားနှင့်ယာဉ်တိုက်မှုကြောင့် လူနှင့်တိရစ္ဆာန်ထိခိုက်ဒဏ်ရာရရှိမှုမရှိ၍ ရထားမှာခရီးစဉ်အတိုင်းထွက်ခွာသွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သိမ်ဇရပ်ရဲစခန်းမှ (ပ)၁၁၄/၂၀၁၇၊ မီးရထားလုပ်ငန်းအက်ဥပဒေပုဒ်မ ၈၅ အရအမှု ဖွင့်လှစ်ပြီး ယာဉ်မောင်းအား စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

❐

# အနာဂတ်ကိစ္စရပ်ကို ဘာမှမပြောနိုင်ကြောင်း စီရိုနယ်လ်ဒို တုံ့ပြန်




ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုက ယခုနှစ်နွေဈေးကွက်အတွင်း ရီးယဲလ်မှ ထွက်ခွာမည်မဟုတ်ကြောင်း ပြောကြားခဲ့သော်လည်း မဖြစ်နိုင်ဘူးဆိုသည်မှာ မရှိသောကြောင့် အနာဂတ်အတွက် အာမခံချက် တစ်စုံတစ်ရာ မပေးနိုင်ကြောင်း ဆိုခဲ့သည်။ မန်ယူ၊ ပီအက်စ်ဂျီ၊ မိုနာကိုနှင့် တရုတ်စူပါလိဂ်တို့မှ စီရိုနယ်လ်ဒိုအား ပေါင် ၁၅၇ သန်း အသုံးပြုခေါ်ယူရန် ကြိုးပမ်းလျက်ရှိရာ ရီးယဲလ်အသင်းက သူတို့၏ကစားသမား လက်မလွှတ်ရရေးကို ကြိုးပမ်းနေရပြီဖြစ်သည်။

ဒီပေါ်တက်ကက်စ်ထရို သတင်းဌာနမှ သတင်းထောက်တစ်ဦးက "ယခုနှစ်နွေဈေးကွက်အတွင်း ရီးယဲလ်မှ ထွက်ခွာရန် ရှိသလား" ဟု မေးမြန်းခဲ့ရာ စီရိုနယ်လ်ဒိုက "မဖြစ်နိုင်ဘူးဆိုတာမရှိပါဘူး" ဟု ပြန်လည်တုံ့ပြန်ခဲ့သည်။ သို့သော် ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ဈေးကွက်အတွင်း ရီးယဲလ်မှ ထွက်ခွာမည်မဟုတ်ကြောင်းကို အတည်ပြုခဲ့သည်။ စီရိုနယ်လ်ဒိုသည် ယခုနှစ်ဘောလုံးရာသီကိုလည်း အကောင်းဆုံး အဆုံးသတ်နိုင်ခဲ့ပြီး ဂျူဗင်တပ်အသင်းကို အနိုင်ရရှိသည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ရီးယဲလ်အတွက် နှစ်ဂိုးသွင်းယူကာ အထူးခြေစွမ်းပြနိုင်ခဲ့သည်။

အေဘိုလာသတင်းဌာန၏ ဖော်ပြချက်တွင် မန်ယူ၊ ပြင်သစ်ပထမတန်းကလပ်အသင်းနှစ်သင်းနှင့် တရုတ်စူပါလိဂ်အသင်းများက ရီးယဲလ်အနေဖြင့် ကမ္ဘာ့စံချိန်တင်ကြေးရရှိပါက အသင်း၏ စူပါစတားကစားသမားတစ်ဦးကို လက်လွှတ်ခံမည်လားဆိုသည်ကို စမ်းသပ်နေကြပြီး ချန်ပီယံလိဂ် ဗိုလ်လုပွဲပြီးကတည်းက စီရိုနယ်လ်ဒိုရရှိရေး အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြသည်။ ရီးယဲလ်သည် ၂၀၀၉ ခုနှစ်တွင် မန်ယူအသင်းမှ စီရိုနယ်လ်ဒိုကို ထိုစဉ်က ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင်သန်း ၈၀ ဖြင့် ခေါ်ယူပြီးနောက် ရှစ်နှစ်အကြာ ထုတ်ရောင်းလျှင်ပင် ယင်းအချိန်က အသုံးပြုခဲ့သော ငွေပမာဏထက် နှစ်ဆနီးပါး ပြန်လည်ရရှိမည် ဖြစ်သည်။

မန်ယူသည် ဂရစ်ဇ်မန်းကို ခေါ်ယူရေး မအောင်မမြင်ဖြစ်ပြီးနောက် ကမ္ဘာ့ထိပ်တန်းတိုက်စစ်မှူးတစ်ဦးကို ခေါ်ယူရန် မဖြစ်မနေအားထုတ်လာရာ စီရိုနယ်လ်ဒိုမှာ မန်ယူအသင်း၏ ထိပ်တန်းပစ်မှတ်ဖြစ်လာခြင်းဖြစ်သည်။ မန်ယူအသင်းသည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်း ကွင်းလယ်လူ ပေါ့ဘာအတွက် ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင် ၈၉ သန်း အသုံးပြုခဲ့သော်လည်း ဂျာစီရောင်းချရသည့် ဝင်ငွေမှာပင် ယင်းပမာဏနီးနီး ပြန်လည်ရရှိခဲ့ပြီးဖြစ်သည်။ စီရိုနယ်လ်ဒိုမှာ အသက်(၃၂)နှစ် ကျော်လွန်လာပြီဖြစ်သော်လည်း ယခုထိ ထိပ်တန်းခြေစွမ်းကို ပြသနိုင်ဆဲဖြစ်ရာ ကလပ်အသင်းအတော်များများက စီရိုနယ်လ်ဒိုအတွက် ကမ္ဘာ့စံချိန်တင်ကြေး အသုံးပြုရန် အဆင်သင့်ဖြစ်နေခြင်းဖြစ်သည်။

မေလှဲ့သင်း ရေးသားသည်





## ဘာစီလိုနာနှင့် ငါးနှစ်စာချုပ်သစ် ချုပ်ဆိုခဲ့သည့် မက်ဆီ ကမ္ဘာ့လုပ်ခလစာအများဆုံးရရှိသည့် ကစားသမားဖြစ်လာ

တိုက်စစ်မှူး လီယွန်နယ်မက်ဆီနှင့် ဘာစီလိုနာတို့ ချုပ်ဆိုခဲ့သည့် စာချုပ်သစ်ကြောင့် မက်ဆီမှာ ကမ္ဘာ့လုပ်ခလစာ အများဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်သွားမည်ဖြစ်ကြောင်း သိရသည်။ စာချုပ်သစ်တွင် ဘာစီလိုနာက မက်ဆီကို တစ်ပတ်လုပ်ခ ပေါင် ၈၀၀၀၀၀ ပေးချေရန် သဘောတူခဲ့ရာ လက်ရှိ ကမ္ဘာ့လုပ်ခအများဆုံးရရှိနေသည့် လာဗက်ဇီထက်ပင် ပိုမိုများပြားသည့် ပမာဏဖြစ်သည်။

မက်ဆီရဲ့ စာချုပ်သစ်အရ သူ့ကို ခေါ်ယူချင်ပါက ပေါင်သန်း ၃၅၀ အသုံးပြုမှသာ ရရှိနိုင်တော့မည်ဖြစ်သည်။ မက်ဆီနှင့် ဘာစီလိုနာအသင်းတို့ စာချုပ်သစ် ဆွေးနွေးနေသည့် ကာလအတွင်း ချယ်လ်ဆီး၊ မန်စီးတီးတို့မှ ခေါ်ယူရန် ကြိုးပမ်းမှုများ အရှိန်မြှင့် လုပ်ဆောင်ခဲ့ကြသည်။

မက်ဆီနှင့် ဘာစီလိုနာတို့ မူလချုပ်ဆိုထားခဲ့သည့်စာချုပ်မှာ ၂၀၁၈ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သဖြင့် အကယ်၍ စာချုပ်သစ်သာ သဘောတူညီချက် မရရှိပါက လာမည့်ရာသီတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပြုရမည်ဖြစ်သည်။ မက်ဆီရဲ့ဖခင် ဂျော့ဂျ်မှာ လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်ကတည်းက ကာတလန်သို့ ရောက်ရှိနေပြီး ဘာစီလိုနာ တာဝန်ရှိသူများနှင့် စာချုပ်သစ်ကိစ္စရပ်ကို အကျေအလည် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

## ဘယ်လာရင်နှင့် ဘာစီလိုနာတို့ ပုဂ္ဂိုလ်ရေးသဘောတူညီချက် ရရှိပြီးဖြစ်




ဘယ်လာရင်နှင့် ဘာစီလိုနာအသင်းတို့ကြား ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီချက်ရယူနိုင်ခဲ့ပြီး ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့မည့် ကိစ္စရပ်ကို အာဆင်နယ်နည်းပြ ဝင်းဂါးနှင့် အသေးစိတ်ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ဘယ်လာရင်က သူ့အနေဖြင့် ချန်ပီယံလိဂ်လိုအဆင့်မြင့်သည့် ပြိုင်ပွဲတွင် ကစားခွင့်ရရန်ဆန္ဒရှိသောကြောင့် အနာဂတ်ကိစ္စ ဘယ်လိုဖြစ်မည်ဆိုသည်ကို စောင့်ကြည့်စေလိုကြောင်းပြောကြားခဲ့သဖြင့် ဘာစီလိုနာသို့ ပေါင်သန်း ၅၀ဖြင့် ပြောင်းရွှေ့မည်ကိစ္စရပ် တဖြည်းဖြည်း ပို၍နီးကပ်လာပြီဖြစ်သည်။ စပိန်မှလာသော သတင်းရင်းမြစ်များအရ ဘယ်လာရင်နှင့် ဘာစီလိုနာအသင်းတို့ကြား ပုဂ္ဂိုလ်ရေး သဘောတူညီချက်ပင်ရရှိခဲ့ပြီး အပြောင်းအရွှေ့အတွက် အပြီးသတ်လက်မှတ်ရေးထိုးရန်ကိစ္စသာ ကျန်တော့သည်ဟု အခိုင်အမာဖော်ပြကြသည်။

ဘာစီလိုနာဘက်ကလည်း အာဆင်နယ်က တောင်းဆိုသော ပေါင်သန်း ၅၀ ပေးချေရန် အသင့်ရှိနေသည်။ ဘာစီလိုနာသည် ဘယ်လာရင်ကို ပြီးခဲ့သည့် ဇန်နဝါရီဈေးကွက် ဖွင့်လှစ်ချိန်ကတည်းက ခေါ်ယူရန် ကြိုးပမ်းခဲ့သေးပြီး အာဆင်နယ်ကလည်း သဘောမတူခဲ့သလို ဘယ်လာရင်ကလည်း ဘာစီလိုနာမှ ဖုန်းလာလျှင် သူကိုင်မည်မဟုတ်ဟု လူသိရှင်ကြား ပြောကြားခဲ့ပြီး အာဆင်နယ်နှင့် ကာလရှည်စာချုပ်ကို ထပ်မံလက်မှတ်ရေးထိုးခဲ့သည်။ သို့သော် ယခုမူ "ကစားသမားတိုင်းက အဆင့်အတန်းမြင့်တဲ့ ချန်ပီယံလိဂ်လို ပြိုင်ပွဲမျိုးကို ဝင်ရောက်ကစားချင်တာ သဘာဝပါပဲ။ ဘာစီလိုနာလိုအသင်းကြီးက စိတ်ဝင်စားတယ်ဆိုတာ တကယ်ကို ကောင်းမွန်တဲ့ ကိစ္စရပ်ပါ။ ခုကာလမှာ ဘာဖြစ်လာမလဲဆိုတာ ဘာကိုမှ တိတိကျကျ မပြောနိုင်ပါဘူး"ဟု တုံ့ပြန်ခဲ့သည်။

ဘယ်လာရင်က သူ၏ မိသားစုမှာ လန်ဒန်မြို့တွင် အခြေကျပြီးဖြစ်သော်လည်း ဘာစီလိုနာသို့ ပြန်လည်ပြောင်းရွှေ့ရန် ဆန္ဒရှိနေကြောင်း ဆိုခဲ့သည်။ ဘာစီလိုနာနည်းပြ ဗယ်လ်ဗာဒီက ဘာစီလိုနာအသင်းအတွက် ညာတောင်ပံခံစစ်ပိုင်းမှာ အဓိက လိုအပ်ချက်ဖြစ်နေသည်ဟု ယူဆပြီး ဘယ်လာရင်အပြင် ဘင်ဖီကာနောက်ခံလူ နယ်လ်ဆင်ဆီမီဒိုကိုလည်း ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။ ဘာစီလိုနာအသင်း၏ ထူးခြားချက်တစ်ခုမှာ ပရီမီယာလိဂ်ကလပ်အသင်းများထဲတွင် အာဆင်နယ်ကစားသမားများကို ပိုမိုအာရုံကျလေ့ရှိပြီး မာ့ခ်အိုဗာမားစ် (၂၀၀၀ ပြည့်နှစ် ဇူလိုင်လ၊ ပေါင်၂၅ သန်း)၊ ပီတစ်(၂၀၀၀ ပြည့်နှစ် ဇူလိုင်လ၊ ပေါင် ၅ သန်း)၊ ဗန်ဘရွန်ဟော့စ်(၂၀၀၃ ခုနှစ်၊ အလွတ်)၊ သီယာရီအွန်နရီ(၂၀၀၇ ဇွန်လ ပေါင် ၁၆ ဒသမ ၁ သန်း)၊ အလက်ဇန္ဒြားဟဲလ်ဘ်(၂၀၀၈ ခုနှစ် ဇူလိုင်လ ၁၁ ဒသမ ၈ သန်း)၊ ဖာဘရီဂတ်စ် (၂၀၁၁ခုနှစ် ဩဂုတ်လ ပေါင်သန်း ၃၀)၊ အဲလက်စ်ဆောင်း (၂၀၁၂ ခုနှစ် ဩဂုတ်လ ပေါင် ၁၅ သန်း)၊ သောမက်စ်ဗာမေလန်(၂၀၁၄ ခုနှစ် ဩဂုတ်လ ပေါင် ၁၅ သန်း)တို့ကို ခေါ်ယူခဲ့ပြီးဖြစ်သည်။

## ကွန်တီက ကျွန်တော့်ကိုအလိုမရှိတဲ့အတွက် အသင်းသစ် မဖြစ်မနေရှာဖွေရတော့မယ်လို့ ဒီယေဂိုကော်စတာ အံ့အားသင့်ဖွယ် ထုတ်ဖော်ပြောကြား

ချယ်လ်ဆီးနည်းပြ ကွန်တီက သူ့ကို အလိုမရှိဘူးလို့ အကြောင်းကြားခဲ့တာကြောင့် အသင်းသစ်တစ်ခုကို မဖြစ်မနေရှာဖွေရတော့မယ်လို့ တိုက်စစ်မှူး ဒီယေဂိုကော်စတာက အံ့အားသင့်ဖွယ် ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီဈေးကွက်ဖွင့်လှစ်ချိန်ကတည်းက ကော်စတာဟာ စူပါလိဂ်ကို ထွက်ခွာဖို့ ကြိုးပမ်းခဲ့ပြီးနောက်ပိုင်းကတည်းက ချယ်လ်ဆီးနည်းပြ ကွန်တီနဲ့ ဆက်ဆံရေးပြေလည်မှုမရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် တိုက်စစ်ပိုင်းလိုအပ်ချက်ရှိနေတဲ့အတွက် ကွန်တီက ကော်စတာကို ဆက်ထိန်းခဲ့သလို ကော်စတာကလည်း စူပါလိဂ်ပြောင်းဖို့အစီအစဉ်ကို ရွှေ့ဆိုင်းခဲ့တာပါ။

ကော်စတာဟာ ၂၀၁၄ ခုနှစ်က ချယ်လ်ဆီးအသင်းကို ပြောင်းရွှေ့လာပြီး ပရီမီယာလိဂ်ဖလားနှစ်လုံး ရရှိခဲ့ပြီးဖြစ်ပေမယ့် ဒီသုံးနှစ်အတွင်း အသင်းပြောင်းမယ်လို့ သတင်းထွက်နေတဲ့ ကစားသမားတွေထဲမှာ ကော်စတာရဲ့နာမည်က အမြဲ ထိပ်ဆုံးမှာရှိနေတာ ဖြစ်ပါတယ်။ ကော်စတာဟာ ကိုလံဘီယာအသင်းနဲ့ စပိန်အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့တဲ့ ပွဲစဉ်အပြီးမှာ





"ချယ်လ်ဆီး မှာ ကျွန်တော် ဆက်မရှိတော့ဘူးလို့ ကွန်တီက မက်ဆေ့ချ် တစ်စောင် ပေးပို့ခဲ့ပါတယ်" လို့ ထုတ်ဖော်ပြောကြားခဲ့တာကြောင့် ဒီသတင်းကို အားကစား အသားပေးမီဒီယာ တွေက အလေးပေးဖော်ပြခဲ့ကြပါတယ်။

ဆက်လက်ပြီး ကော်စတာက ယခုနှစ်ရာသီ ကွန်တီနဲ့ သူ့အကြား ဆက်ဆံရေး အတော်လေးဆိုးရွားခဲ့သလို ကွန်တီကလည်း သူ့ကို အသင်းမှာ ဆက်မရှိစေချင်တော့ကြောင်း ပြောပါတယ်။ ကော်စတာဟာ ယေဘုယျအားဖြင့် ပျော်ပျော်နေတတ်သူဖြစ်ပေမယ့် သူ့ရဲ့ ဘယ်အရာမဆို မကွယ်မဝှက်နေတတ်တဲ့ အပြုအမူ၊ အောင်မြင်မှုကို ဆာလောင်စိတ်ပြင်းထန်နေတာတွေကြောင့် သူဟာ ပြိုင်ဘက်နောက်တန်းကစားသမားတွေရဲ့ ပစ်မှတ်ဖြစ်နေတတ်သူဖြစ်သလို နည်းပြတွေနဲ့ ဆက်ဆံရေးမပြေလည်တတ်သူဖြစ်နေတတ်ပြန်ပါတယ်။ ကော်စတာကတော့ ကွန်တီနဲ့ သူ့အကြား ဆက်ဆံရေးမပြေလည်ခြင်းက ချယ်လ်ဆီးက ထွက်ခွာရဖို့ ဖန်လာတဲ့ အဓိကအကြောင်းအရင်းတစ်ရပ်လို့ ဖွင့်ချပါတယ်။

ကော်စတာက" လက်ရှိမှာတော့ ကျွန်တော်ဟာ စာချုပ်ရှိနေတဲ့အတွက် ချယ်လ်ဆီးကစားသမားပါ။ ဒါပေမယ့် နည်းပြက ကျွန်တော့်ကို အလိုမရှိပါဘူး။ ဒါကြောင့် ကျွန်တော် အသင်းသစ် မဖြစ်မနေရှာရတော့မှာပေါ့" လို့ ဖွင့်ဟခဲ့ပါတယ်။ ကော်စတာက သူ့ရဲ့အသင်းဟောင်း အက်သလက်တီကိုဆီကို ပြန်လည်ပြောင်းရွှေ့ဖို့ စိတ်အားထက်သန်နေပေမယ့် ကစားသမားခေါ်ယူမှု ပိတ်ပင်ခံထားရတဲ့ အက်သလက်တီကိုကြောင့် လာမယ့် ဇန်နဝါရီဈေးကွက်ရောက်မှသာ ပြောင်းရွှေ့နိုင်ခွင့်ရှိမှာဖြစ်ပါတယ်။

ဒါကြောင့် အက်သလက်တီကို အသင်းဆီ ပြန်လည်ပြောင်းရွှေ့မှာလားဆိုတဲ့ မေးခွန်းအတွက် "ငါးလလောက် ကျွန်တော်မကစားဘဲနေရမှာလား။ ဒါက တော်တော်လေး ရှုပ်ထွေးစေတဲ့ အနေအထားပါ။ ကျွန်တော်ဟာ အက်သလက်တီကိုအသင်းကို ချစ်မြတ်နိုးသလို မက်ဒရစ်မှာ နေရတာကိုလည်း ကြိုက်ပါတယ်"လို့ ရှင်းပြပါတယ်။ ကော်စတာဟာ ယခုနှစ်ဘောလုံးရာသီမှာ သွင်းဂိုး၂၀သွင်းယူပြီး ချယ်လ်ဆီးအသင်း ပရီမီယာလိဂ်ဖလားရယူရေးမှာ အဓိကအခန်းကဏ္ဍက ပါဝင်ခဲ့ပေမယ့် ကွန်တီကတော့ လာမယ့်ရာသီ ချယ်လ်ဆီးရဲ့ တိုက်စစ်ပိုင်းအတွက် အဲဗာတန်တိုက်စစ်မှူး လူကာကူနဲ့ ရီးယဲလ်တိုက်စစ်မှူး မိုရာတာတို့ကို ပစ်မှတ်ထားနေပါတယ်။

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# မေးပါများစကားရဆိုသော်လည်း

**မောင်စာဂ**

**ရာဇဝင်ထဲက စကားကြီးသုံးခွန်း**

မောင်ပေါက်ကျိုင်း၏ တကောင်းပြည်ရာဇဝင်တွင် စကားကြီးသုံးခွန်း ထင်ရှားရှိခဲ့သည်။ မောင်ပေါက်ကျိုင်း ပညာသင်ယူဆည်းပူးပြီး နေရပ်သို့ပြန်မည့်အခါ သူ၏ ဆရာ ဒိသာပါမောက္ခ ဆရာကြီးက သတိပေး မှာကြားလိုက်သည့် စကားကြီးသုံးခွန်းဖြစ်သည်။ "သွားပါများ ခရီးရောက်၊ မေးပါများစကားရ၊ မအိပ်မနေ အသက်ရှည်" ဟူသတည်း။

မောင်ပေါက်ကျိုင်းသည် ဤစကားကြီးသုံးခွန်းကို သတိနှင့်ယှဉ်၍ ကျင့်ကြံလိုက်နာခဲ့သည်။ သွားပါများသောကြောင့် ခရီးရောက်ခဲ့သည်။ မေးပါများသဖြင့် သူလိုချင်သော စကားများရခဲ့သည်။ အသိနှင့်ဆင်ခြင်၍ မအိပ်မနေ နေခဲ့ခြင်းဖြင့် အသက်ရှင်ခဲ့သည်။ တကောင်းပြည်ကြီးကို အုပ်စိုးရသော ဘုရင်တစ်ပါးအထိ ဖြစ်လာသည်။ နဂါးနိုင်မင်းဟူ၍ ရာဇဝင်တွင် ထင်ရှားခဲ့သည်။

**တရားခွင်က မေးခွန်းကြီးသုံးမျိုး**

တရားခွင်တွင် မှုခင်းတစ်ရပ်ကို စစ်ဆေးသောအခါ တရားစွဲဆိုသူနှင့် သက်သေများ၊ တရားစွဲဆိုခံရသူနှင့် သက်သေများကို စစ်မေးကြရသည်။ စစ်မေးရာတွင် နည်းသုံးမျိုးသတ်မှတ်ထားရှိသည်။ အဓိကစစ်မေးခြင်း (ပထမစစ်မေးခြင်း)၊ ပြန်လှန်စစ်မေးခြင်းနှင့် ပြန်လည်စစ်မေးခြင်း (ပြန်ရှင်းစစ်မေးခြင်း) တို့ဖြစ်သည်။ (သက်သေခံအက်ဥပဒေ ပုဒ်မ ၁၃၇)

သက်သေကို တင်ပြသည့်ဘက်မှ ပထမစစ်မေးရသည်။ ယင်းကိုအဓိကစစ်မေးခြင်းဟု ခေါ်သည်။ ထို့နောက် တစ်ဖက်အမှုသည်က ပြန်လှန်စစ်မေးရသည်။ ထို့နောက် သက်သေတင်ပြရင်း ဖြစ်သူက ပြန်လည်စစ်မေးသည်။ ယင်းကို ပြန်ရှင်းစစ်မေးခြင်းဟု ခေါ်သည်။

**မေးတတ်မှစကားရမည်**

ရာဇဝင်ထဲက မောင်ပေါက်ကျိုင်းကတော့ မေးပါများ၍ စကားရခဲ့သည်။ တရားခွင်၌ သက်သေများကိုစစ်ဆေးသည့်အခါတွင်မူ မေးပါများတိုင်း စကားမရ။ မေးတတ်မှသာလျှင် မိမိအလိုရှိသော အဖြေစကားရရှိမည်ဖြစ်သည်။ မေးတတ်ဖို့ဆိုလျှင် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို သိရှိထားဖို့လိုသည်။ စစ်မေးခံရမည့် သက်သေ၏အခြေအနေ၊ အဆင့်အတန်းတို့ကို အကဲခတ်တတ်ရမည်။ အတွေ့အကြုံဗဟုသုတကြွယ်ဝရမည်။ ဆင်ခြင်တုံတရား အားကောင်းရမည်။

သက်သေများကို စစ်မေးသည့်အခါ စစ်မေးနည်းသုံးမျိုး သတ်မှတ်ထားရှိသော်လည်း မေးချင်တိုင်း မေး၍မရပါ။ မေးခွန်းတစ်မျိုးစီတွင် မေးနိုင်သည့်အချက်၊ မမေးနိုင်သည့်အချက်များ သတ်မှတ်ထားရှိသည်။ သတ်မှတ်ပေးထားသော ဘောင်အတွင်းက စစ်ဆေးမေးမြန်းခြင်းပြုကြရသည်။

အဓိကစစ်မေးခြင်းပြုသည့်အခါ နိမိတ်ပြမေးခွန်းများ မေးမြန်းခွင့်မရှိပါ။ အမှုနှင့် သက်ဆိုင်သမျှမေးခွန်းများ မေးမြန်းနိုင်သည်။

ပြန်လှန်စစ်မေးခြင်းပြုသည့်အခါ နိမိတ်ပြမေးခွန်းများ မေးမြန်းနိုင်သည်။ အဓိက စစ်မေးစဉ်တွင် ပါဝင်ခဲ့ခြင်းမရှိသော အချက်များကို မေးမြန်းနိုင်သည်။ အမှုနှင့် သက်ဆိုင်သမျှ မေးခွန်းများ မေးမြန်းနိုင်သည်။

ပြန်ရှင်းစစ်မေးခြင်း (ပြန်လည်စစ်မေးခြင်း) ပြုသည့်အခါ အဓိကစစ်မေးစဉ်နှင့် ပြန်လှန် စစ်မေးခြင်းတို့အရ မရှင်းမလင်းဖြစ်သွားသောအချက်များအပေါ် ရှင်းလင်းစေရေးအတွက် လိုအပ်သော မေးခွန်းများ မေးမြန်းနိုင်သည်။ နိမိတ်ပြမေးခွန်းများကို မေးမြန်းခွင့်မရှိပါ။

**နိမိတ်ပြမေးခွန်းဆိုသည်မှာ**

မေးမြန်းသူက အလိုရှိသည့် ဖြေဆိုချက်ကို သို့မဟုတ် မေးမြန်းသူမျှော်လင့်သည့် ဖြေဆိုချက်ကို အရိပ်အမြွက် ပြ၍ မေးသောမေးခွန်းသည် နိမိတ်ပြမေးခွန်း (Leading question) ဖြစ်သည်။ (သက်သေခံအက်ဥပဒေ ပုဒ်မ ၁၄၁)

နိမိတ်ပြမေးခွန်းနှင့်စပ်လျဉ်း၍ SARKAR's LAW OF EVIDENCE ၏စာမျက်နှာ ၁၁၈၂-၁၁၈၃ တွင် ဤသို့ဖော်ပြထားသည်-

(က) သက်သေထံမှ လိုအပ်သော အဖြေကိုရအောင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အရိပ်အမြွက်ပြခြင်းဖြင့် သို့မဟုတ် ရေလာမြောင်းပေးခြင်းဖြင့် မေးသောမေးခွန်းသည် နိမိတ်ပြမေးခွန်းဖြစ်သည်။

(ခ) ဟုတ်သည် မဟုတ်သည် (Yes or No) ဖြေရမည့် တစ်ခုတည်းသော အဖြေရရန်အတွက် မေးသည့်မေးခွန်းသည် နိမိတ်ပြမေးခွန်းမဟုတ်။ မထင်ရှားသေးသော အဓိကအချက်အတွက် သက်သေက အခိုင်အမာထွက်ဆိုလာအောင် မိမိလိုသောအဖြေကို ညွှန်ပြ၍ မေးသည့်မေးခွန်းသည် နိမိတ်ပြမေးခွန်းဖြစ်သည်။

(ဂ) အဓိကအချက်အတွက် ဘယ်လိုဖြေရမည်ဟု သက်သေအား ညွှန်ကြားသော မေးခွန်းသည် နိမိတ်ပြမေးခွန်းဖြစ်သည်။

(ဃ) သက်သေ၏ရင်တွင်းသို့ စကားလုံးများ ထည့်သွင်းပေးပြီး သက်သေထံမှ ပဲ့တင်သံအဖြစ် ထွက်ပေါ်လာအောင် မေးသောမေးခွန်းသည် နိမိတ်ပြမေးခွန်းဖြစ်သည်။

(င) သက်သေထံမှ အမှုသည်အလိုရှိသော အဖြေကို ရရှိအောင် ထင်ရှားစွာ အရိပ်ပြမေးသော မေးခွန်းသည် နိမိတ်ပြမေးခွန်းဖြစ်သည်။

**ဥပဒေပြဋ္ဌာန်းချက်များ**

သက်သေကိုစစ်ဆေးရာ၌ မေးခွင့်ရှိသည့် မေးခွန်း၊ မေးခွင့်မရှိသည့် မေးခွန်းဆိုပြီး သက်သေခံအက်ဥပဒေတွင် ဤသို့ပြဋ္ဌာန်းထားသည်-

(က) အမှုနှင့်စပ်ဆိုင်သည့် အချက်ကိုသာ မေးရမည်။ (ပုဒ်မ ၅ နှင့် ၁၃၈)

(ခ) အမှုနှင့်မစပ်ဆိုင်သော်လည်း စပ်ဆိုင်သည့် အချင်းအရာများကို ပိုမိုခိုင်လုံစေသည့် အကြောင်းအရာများအတွက် မေးခွင့်ရသည်။ (ပုဒ်မ ၁၅၆)

(ဂ) သင့်လျော်သော အကြောင်းမရှိသည့် မေးခွန်း၊ ယုတ္တိမရှိသည့်မေးခွန်းများ မေးခွင့်မရှိပါ။ (ပုဒ်မ ၁၄၉)

(ဃ) မတင့်တယ်သော မေးခွန်း၊ အသရေယုတ်စေသော မေးခွန်း၊ အငြင်းထွက်အချင်းအရာနှင့်ဖြစ်စေ၊ အငြင်းထွက်အချင်းအရာ ရှိ၊ မရှိ ဆုံးဖြတ်ရန်ချင့်ချိန်ရသည့် အကြောင်းအရာနှင့်ဖြစ်စေ မသက်ဆိုင်သည့် မေးခွန်းများကို မမေးရပါ။ (ပုဒ်မ ၁၅၁)

(င) မလေးမခန့်ပြုလိုသော ဆန္ဒဖြင့် မေးသည့် မေးခွန်း၊ မေးသင့်သည့်မေးခွန်းဖြစ်သော်လည်း အကြောင်းမဲ့ထိခိုက်သည့် မေးခွန်းမျိုးကို မမေးရပါ။ (ပုဒ်မ ၁၅၂)

**သက်သေကို အကဲခတ်တတ်ရမည်**

သက်သေအမျိုးမျိုးတွေ့ရတတ်သည်။ မျက်စိမှုန်သူ၊ နားလေးသူ၊ အသက်အရွယ်ငယ်သူ၊ အသက်အရွယ်ကြီးသူ၊ စိတ်တိုသူ၊ စိတ်ရှည်သူ၊ စိတ်ဝင်တစားမရှိသူ၊ စိတ်ဝင်တစားရှိသူ၊ ကြောက်တတ်သူ၊ ရှက်တတ်သူ၊ သနားကြင်နာတတ်သူ၊ စာတတ်သူ၊ စာမတတ်သူ၊ အသိရှိသူ၊ အသိကင်းမဲ့သူ စသည် စသည်တို့ဖြစ်သည်။

မျက်စိမှုန်သော သက်သေအတွက် မှုခင်းဖြစ်ပွားရာနေရာနှင့် သက်သေရှိရာနေရာတို့၏ အကွာအဝေးသည် အရေးပါသည်။ ကလေးသက်သေအတွက် လူကြီးများက သင်ပြထားခြင်း ရှိ၊ မရှိ ဆန်းစစ်ရန်အချက်ဖြစ်သည်။ စိတ်တိုသည့်သက်သေသည် မေးမြန်းသည့်ရှေ့နေအား ဆန့်ကျင် ဖြေဆိုတတ်သည်။ စိတ်ဝင်တစားမရှိသူသည် ပြီးစလွယ်ဖြေဆိုတတ်သည်။ စိတ်ဝင်တစားရှိသူက ပြီးစလွယ်မဖြေဆိုတတ်။ အသိရှိသောသက်သေက စဉ်းစဉ်းစားစားဖြေသည်။ သနားကြင်နာတတ်သူက တရားခံအပေါ် သက်သက်ညှာညှာဖြေဆိုတတ်သည်။

**မေးတတ်ဖို့ဆိုလျှင်**

မည်သို့သော မေးခွန်းမျိုးမေးမည်။ မည်သည့်ပုံစံဖြင့် မေးရမည်။ မည်သည့်နည်းကို အသုံးပြုမေးမည် အစရှိသဖြင့် တရားသေစွဲမှတ်ထား၍ မရပါ။ သက်သေ၏ အခြေအနေ၊ သက်သေ၏ အဆင့်အတန်းအလိုက် စကားလုံးများကို ရွေးချယ်၍မေးရသည်။ မေးသည့်ပုံစံပြောင်းလဲရသည်။ မေးသည့်နည်းဗျူဟာ ဆန်းသစ်ရသည်။ တိုက်ရိုက်မေးသင့်က မေးရသည်။ သွယ်ဝိုက်၍ မေးသင့်က မေးရသည်။ အမှုအကြောင်းချင်းရာကို ကျေကျေညက်ညက် သိရှိထားရမည်။ အတွေ့အကြုံဗဟုသုတရှိထားရမည်။ အကြောင်းအကျိုး ဆင်ခြင်တတ်ရမည်။ ဥပဒေလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်စသည်များကို နှံ့စပ်စွာ သိရှိထားရမည်။

မေးပါများတိုင်းစကားမရ။ မေးတတ်မှစကားရသည်။ မေးပါများလျှင် စကားမရသည့်အပြင် ရှေ့နေငှားမှ ထောင်လုံးလုံးကျဆိုသကဲ့သို့ ဖြစ်သွားတတ်သည်။ မမေးတတ်လျှင် ရှေ့နေအဖြစ်မှ တရားခံအဖြစ်သို့ ရောက်သွားတတ်သည်။ သို့ဖြစ်ရာ မေးတတ်မြန်းတတ်ဖို့သည် အဓိကဖြစ်သည်။ မေးတတ်မြန်းတတ်ခြင်းသည် ရှေ့နေတို့၏အတတ်ပညာရပ်တစ်ခုဖြစ်သည်။ ရှေ့နေတို့၏ အတတ်ပညာရပ်သည် လွယ်လွယ်ကူကူနှင့် ရရှိနိုင်သော ပညာရပ်များမဟုတ်။ အတွေ့အကြုံများများရှိဖို့လိုသည်။ လေ့လာဆည်းပူးမှု အားကောင်းရသည်။ အတွေ့အကြုံဗဟုသုတ ကြွယ်ဝရသည်။ မိမိ၏ လုပ်ငန်းအတွေ့အကြုံများအပေါ် အခြေခံ၍ "အဓိကစစ်မေးခြင်းပညာ"၊ "ပြန်လှန်စစ်မေးခြင်းပညာ"၊ "ပြန်ရှင်းစစ်မေးခြင်း ပညာ" ဟူ၍ ဆောင်းပါးများ ဆက်လက်ရေးသားသွားပါဦးမည်။

သက်သေများကို စစ်မေးမြန်းသည့် လုပ်ငန်းစဉ်တွင် မေးပါများတိုင်း စကားမရပါ။ မေးတတ်မှစကားရသည်။ မေးခွန်းများဖြင့် အမှန်တရားဖော်ထုတ်နိုင်ကြပါစေ။

> "မေးပါများတိုင်း စကားမရ။ မေးတတ်မှ စကားရသည်။ မေးပါများလျှင် စကားမရသည့်အပြင် ရှေ့နေငှားမှ ထောင်လုံးလုံးကျ ဆိုသကဲ့သို့ ဖြစ်သွားတတ်သည်။ မမေးတတ်လျှင် ရှေ့နေအဖြစ်မှ တရားခံအဖြစ်သို့ ရောက်သွားတတ် . . .
>
> မေးတတ်မြန်းတတ်ဖို့သည် အဓိက . . ."



ရထားရဲတပ်ဖွဲ့ အမှတ်(၂) တပ်ခွဲ ကောလင်းရထားရဲစခန်းမှူး ရဲအုပ်မျိုးလွင်ဦးစီးသော တပ်ဖွဲ့ဝင်များသည် ဇွန် ၆ ရက် နံနက် ၁၁ နာရီမှ မွန်းတည့် ၁၂နာရီအထိ ကောလင်းဘူတာအတွင်း ခရီးသွားပြည်သူများအား မြန်မာ့မီးရထားနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်အချက်များ သိရှိစေရေးအတွက် ရထားပို့ဆောင်ရေးဥပဒေမှ သိသင့်၊ သိထိုက်သည့်အချက်များပါသည့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးနေစဉ်။ **ကျော်စိုးမိုး**

## တာချီလိတ်၌ အစားထိုးသီးနှံ နှစ်ချင်းမျိုးစေ့နှင့် နှစ်ရှည်ပျိုးပင်များပေးအပ် စိုက်ပျိုးနည်းပညာများ ရှင်းလင်းပို့ချ

**တာချီလိတ် ဇွန် ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသတွင်းရှိတောင်သူများ စိုက်ပျိုးနည်းပညာများ တိုးတက်ရရှိပြီး စနစ်တကျ လိုက်နာဆောင်ရွက်စေခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိကာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရေး ရည်ရွယ်၍ အစားထိုးသီးနှံ နှစ်ချင်းမျိုးစေ့နှင့် နှစ်ရှည်ပျိုးပင်များ ပေးအပ်ပွဲကို ဇွန် ၇ ရက် နံနက် ၉ နာရီက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းခင်ဇော်လတ်က နံ့သာဖြူပင်၊ လျှော်ဖြူပင် စိုက်ပျိုးနည်းပညာများ၊ ရရှိလာမည့် အကျိုးအမြတ်များအား ရှင်းလင်းပို့ချခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(မြန်/ဆက်)**

# အနုပညာ အထက်တန်းကျောင်း(မန္တလေး)ပန်းချီ၊ ပန်းပုဌာနမှ နှစ်စဉ်ပန်းချီ၊ ပန်းပုပညာရှင်များ မွေးထုတ်ပေးလျက်ရှိ

**မန္တလေး ဇွန် ၈**
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန လေ့ကျင့်ရေးနှင့် သုတေသနဌာန(ခွဲ) အနုပညာ အထက်တန်းကျောင်း(မန္တလေး) ပန်းချီ၊ ပန်းပုဌာနမှ နှစ်စဉ်ပန်းချီပညာရှင်၊ ပန်းပုပညာရှင်များကိုမွေးထုတ်ပေးလျက်ရှိသည်။ အနုပညာအထက်တန်းကျောင်းသည် ယခင်က ပန်တျာကျောင်းနှင့်ပန်းချီ၊ ပန်းပုကျောင်းဟု ခွဲခြားထားပြီး နောက်ပိုင်းတွင် နှစ်ကျောင်းပေါင်းကာ အနုပညာ အထက်တန်းကျောင်း အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့သည်။ ကျောင်းကို ၁၃၁၇ နယုန်လဆန်း ၁၁ ရက်တွင် အုတ်မြစ်ချတည်ဆောက်ခဲ့သည်။

အနုပညာ အထက်တန်းကျောင်းကို သုံးနှစ်တက်ရောက် ပညာသင်ကြားရသည်။ ကျောင်းတက်ရာတွင် ခုနစ်တန်းအောင်မှ စတင်ခေါ်ယူပြီး ပန်းချီ၊ ပန်းပုပညာများ သင်ကြားပေးသကဲ့သို့ နှစ်အလိုက် အဌမတန်းမှ ဒသမတန်းအထိ ကျောင်းစာများကိုပါ တွဲဖက်သင်ယူရသည်။ မေ ၂ ရက်မှစတင်ကာ ကျောင်းပြန်ဖွင့်နေပြီဖြစ်သည်။ ခုနစ်တန်းအောင်များကို ခေါ်ယူသည့်အတွက် ပထမနှစ်ကျောင်းသားများမှာ ပထမနှစ် ပန်းချီ၊ ပန်းပုသင် သကဲ့သို့ပင် အဌမတန်းစာကို သင်ယူရသည်။ အနုပညာ အထက်တန်းကျောင်း ဒုတိယနှစ် ကျောင်းသားများမှာ နဝမတန်းစာနှင့် ပန်းချီ၊ ပန်းပုကို သင်ယူရသည်။ တတိယနှစ် ကျောင်းသားများမှာ ဒသမတန်းစာကို တွဲဖက်သင်ယူရသည်။

အနုပညာအထက်တန်းကျောင်းဆင်းသည်နှင့် ဒသမတန်းအောင်မြင်ကာ ပန်းချီ၊ ပန်းပု ပညာများကိုပါ တတ်မြောက်အောင် သင်ကြားပေးသည်။ လက်ရှိကာလတွင် အနုပညာ အထက်တန်းကျောင်း (မန္တလေး) ပန်းချီ၊ ပန်းပုဌာနမှ နှစ်စဉ်ပန်းချီပန်းပု ပညာရှင်များ မွေးထုတ်ပေးလျက်ရှိကြောင်း ပန်းချီနည်းပြ ဦးမြင့်ကျော်ထက်က ရှင်းပြသည်။ **တိမ်တမန်**





# အခြေခံပညာကျောင်းများတွင် အသိပညာပေးဟောပြော အသိပညာပေးဗီနိုင်းပိုစတာများ ချိတ်ဆွဲဆောင်ရွက်

**နေပြည်တော် ဇွန် ၈**
အခြေခံပညာကျောင်းသား ကျောင်းသူများ ယာဉ်တိုက်မှုအန္တရာယ်မဖြစ်ပွားစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာ ဗဟုသုတများရရှိစေရန် ယာဉ်ထိန်းရဲတပ်ဖွဲ့(နေပြည်တော်)မှ နေပြည်တော်ဧရိယာအတွင်းရှိ အခြေခံပညာကျောင်းများသို့သွားရောက်ကာ အသိပညာပေးဟောပြောခြင်း၊ အသိပညာပေးဗီနိုင်းပိုစတာများချိတ်ဆွဲဆောင်ရွက်၍ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဇွန် ၇ ရက် နံနက် ၁၀ နာရီက ယာဉ်ထိန်းရဲတပ်ဖွဲ့(နေပြည်တော်)၊ အမှတ်(၁)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးအောင်ကြီး ဦးစီးသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အထကတွင် ကျောင်းသား ကျောင်းသူများ ယာဉ်တိုက်မှုမဖြစ်ပွားစေရေး၊ ယာဉ်တိုက်မှုအန္တရာယ်ကြီးမားပုံ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းနှင့် အသိပညာပေး ဗီနိုင်းပိုစတာများချိတ်ဆွဲ၍ ရှင်းလင်းပြသရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လဲ့လဲ့ဝင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။ **မင်းမင်းလတ်(ရုပဗေဒ)**

# အမျိုးသမီးငယ်များအား အခြေခံအပ်ချုပ်သင်တန်း အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**မိတ္ထီလာ ဇွန် ၈**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ရက်ကန်းနှင့်အသက်မွေး ပညာသင်တန်းကျောင်း၌ အမျိုးသမီးငယ်များ အသက်မွေးဝမ်းကျောင်းပြုနိုင်ရန် ရည်ရွယ်ချက်ဖြင့် အခြေခံအပ်ချုပ်သင်တန်းကို အခမဲ့ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။



"အတန်းကျောင်းပညာ ပြီးစီးအောင် မသင်ကြားနိုင်ခဲ့တဲ့ အမျိုးသမီးငယ်တွေ ဒီအပ်ချုပ်ပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုနိုင်ဖို့ မိမိတတ်ကျွမ်းတဲ့ အပ်ချုပ်ပညာကို လက်ဆင့်ကမ်းပြန်လည်သင်ကြားနိုင်ဖို့ ပြီးတော့ ကျေးလက်ဒေသမှာ နေထိုင်တဲ့ အမျိုးသမီးငယ်တွေ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေဖို့ ရည်ရွယ်ပြီးတော့ အခြေခံအပ်ချုပ်သင်တန်းကို မေ ၂၂ ရက်က စတင်ပြီး တစ်လခွဲကြာအောင် အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖွင့်လှစ်သင်ကြားပေးနေတာဖြစ်ပါတယ်။ ဒီအခမဲ့ အပ်ချုပ်သင်တန်းမှာ တက်ရောက်နေကြတဲ့ အမျိုးသမီးငယ်တွေအားလုံးကို အပ်ချုပ်စက်၊ သင်ထောက်ကူ အထည်စနဲ့ သင်ထောက်ကူပစ္စည်းမျိုးစုံကို လိုလေသေးမရှိပြည့်စုံအောင် ကျောင်းကပဲ ပံ့ပိုးထောက်ပံ့ပေးထားပါတယ်"ဟု တာဝန်ခံကျောင်းအုပ် ဦးသာဝက ပြောသည်။

မိတ္ထီလာ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းတွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် အခြေခံအပ်ချုပ်(အခမဲ့)သင်တန်းတွင် မိတ္ထီလာမြို့နယ်အတွင်း လူးခင်းကြီး၊ ညောင်ကားယား၊ ညောင်ကန်၊ စက်ပစ်တောင်၊ ရွှေစစ်သည်၊ ပြည်သာယာ၊ ဝန်ဇင်း ကျေးရွာများ၊ ရပ်ကွက်များနှင့် မလှိုင်မြို့နယ် သပြေပင်ကျေးရွာ စသည့်ဒေသများမှ အမျိုးသမီး ၂၀ တက်ရောက် ပညာသင်ယူလျက်ရှိကြောင်း သိရသည်။

(၅၇၉)

■

# ပုလဲပန်းချီအဖွဲ့ပညာရေးပဒေသာပင်စိုက်ထူခြင်းနှင့် ကျောင်းသုံးပစ္စည်းများပေးအပ်လှူဒါန်း

**မန္တလေး ဇွန် ၈**
ပုလဲပန်းချီပညာရေးထောက်ပံ့မှု ကော်မတီမှ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းသို့ပညာရေးပဒေသာပင်စိုက်ထူခြင်းနှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၇ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်း၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခွာညိုခက်နှင့်ဆရာမများ၊ အကွက်တာဝန်ခံ ဦးစိုးနိုင်နှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ပုလဲပန်းချီ ပညာရေးထောက်ပံ့မှုကော်မတီ နာယက ဦးသန်းလှအောင်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဦးသန်းလှအောင်က ပုလဲပန်းချီအဖွဲ့သားများ၏ ပညာရေးထောက်ပံ့မှု ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အဆိုပါကျောင်းရှိ ကျောင်းသား ကျောင်းသူ ၆၅ ဦးအား တစ်ဦးလျှင် ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံဘောပင် ခြောက်ချောင်း၊ ကျောင်းဝတ်စုံ၊ ကျောင်းလွယ်အိတ်နှင့် မုန့်ဖိုးငွေကျပ် ၁၀၀၀ စီ ပေးအပ်သည်။

ဆက်လက်ပြီး ကျောင်းပညာရေး ပဒေသာပင်အဖြစ် ငွေကျပ်လေးသိန်းကို စိုက်ထူလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပုလဲပန်းချီပညာရေး ထောက်ပံ့မှုကော်မတီသည် ပညာရေးအတွက် မြေထောင်မြောက်ပေးလိုသော ပန်းချီဆရာများဖြင့် ဖွဲ့စည်းကာ ပညာရေးထောက်ပံ့မှုအတွက် ပထမအကြိမ် ပန်းချီပြပွဲမှ ပန်းချီကားများရောင်းရငွေနှင့် အလှူရှင်များထည့်ဝင်လှူဒါန်းသော ငွေများဖြင့် ယခုကဲ့သို့ ပညာရေးထောက်ပံ့မှုများဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

(၀၀၂)

■

# ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေး အလှူငွေမတည်လှူဒါန်း

**ကျောက်တန်း ဇွန် ၈**
ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ အထကကျောင်းစာကြည့်တိုက်သို့ ကျောင်းသား ကျောင်းသူများ စာပေဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ တံတားမြို့အမှတ် (၁) ရပ်ကွက်နေ ဦးဆွေတင့်-ဒေါ်အိအိခိုင် မိသားစုက အလှူငွေကျပ် ၁၀ သိန်း၊ တံတားမြို့ ပညာရည်မြှင့်တင်မှုကော်မတီက ငွေကျပ် ငါးသိန်း၊ ဒေါက်တာသက်ဖြိုးပိုင်က ငွေကျပ် တစ်သိန်းတို့ကို ဇွန် ၇ ရက်က မတည်လှူဒါန်းခဲ့ကြသည်။

လှူဒါန်းပွဲအခမ်းအနားသို့ တံတားအထကမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေမေအောင်နှင့် ဆရာဆရာမများ၊ ပညာရည်မြှင့်တင်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မေတ္တာသင်္ဂဟလူငယ်ပရဟိတအဖွဲ့ဝင်လူငယ်လေးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

# မွေးကင်းစမှလသားအရွယ်ကလေးငယ်များအား ပုံမှန်ကာကွယ် ဆေးထိုးနှံတိုက်ကျွေး

**ရန်ကုန် ဇွန် ၈**
ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် မွေးကင်းစမှလသားအရွယ်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းကို ဇွန် ၈ ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် ရပ်ကွက်ကိုးခုရှိရာ သက်ဆိုင်ရာရပ်ကွက်ရုံးများတွင် စုရပ်များဖွင့်လှစ်ပြီး မွေးကင်းစမှ ၂ လ၊ ၄ လ၊ ၆လနှင့် တစ်နှစ်ခွဲအရွယ်ကလေးငယ်များအား ဘီစီဂျီကာကွယ်ဆေး၊ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗွီ)ကာကွယ်ဆေး၊ ဝက်သက်ကာကွယ်ဆေးနှင့် ပိုလီယို အစက်ချဆေးတိုက်ကျွေးခြင်းတို့ကို ကလေးများအသက်အရွယ်အလိုက် ထိုးနှံတိုက်ကျွေးခြင်းဖြစ်ရာ ကိုယ်ဝန်ဆောင်မိခင်များကိုပါ မေးခိုင်ရောဂါကာကွယ်ဆေးများထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါပုံမှန်ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းနှင့်ပတ်သက်၍ မြို့နယ်ကျန်းမာရေးဆရာမ ဒေါ်အေးအေးသင်းက " ကျွန်မတို့အရင်ကတော့ တစ်လတစ်ခါ လဆန်း ၄ ရက်နဲ့ ၅ ရက်မှာထိုးပေးတာ။ အခုကျွန်မတို့ ဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်အရ အပတ်စဉ် ကြာသပတေးနေ့တိုင်း ဒေသန္တရဆေးပေးခန်းတွေမှာ ထိုးပေးသွားမှာပါ"ဟုပြောသည်။

**ဝေယံ(ဆိပ်ကြီးခနောင်တို)**

# သီးနှံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရေး ကျေးရွာများအရောက် ပညာပေးဆွေးနွေး

**ဝါးခယ်မ ဇွန် ၈**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ ပိုမိုတိုးတက်လာစေရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျေးရွာများအရောက် အသိပညာပေးဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၇ ရက်က ပေတောကျေးရွာ၌ ပြုလုပ်ကြောင်း သိရသည်။

"ကျေးရွာတွေကို ကွင်းဆင်းပြီး စိုက်ပျိုးသီးနှံနဲ့ပတ်သက်လို့ ထုတ်လုပ်မှုပိုကောင်းလာအောင်၊ နည်းလမ်းမှန်မှန်နဲ့ ဆောင်ရွက်နိုင်အောင်၊ စိုက်ပျိုးတဲ့အခါ မြေဆီလွှာ ထိန်းသိမ်းတာ၊ မျိုးစပါးရွေးချယ်တာကအစ လွဲမှားတာတွေ သတိပြုသင့်တာတွေကို တောင်သူတွေ သေချာသိဖို့လိုတယ်လေ။ ကျွန်တော်တို့ကလည်း အခုလို အသိပညာပေးဆွေးနွေးမှုကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားမှာပါ။ အခုဇွန်လထဲမှာ ရွှေလောင်း၊ ကျုံကပြင်၊ ကျုံထရိတ်၊ ပေါက်တိန်း၊ ပေတောကျေးရွာတွေမှာ ပြုလုပ်ခဲ့ပြီးပြီ။ ကျန်တဲ့ ကျေးရွာတွေမှာလည်း ဆောင်ရွက်သွားဖို့ ရှိပါတယ်"ဟု ဦးစီးအရာရှိ ဦးအေးကျော်က ပြောသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

## အနုပညာ

# စိတ်ကျန်းမာရေးဆရာဝန်နဲ့ ကုသမှုတွေ ခံယူရမယ့် T.O.P



ဆေးခြောက်သုံးစွဲခဲ့ကြောင်း စွပ်စွဲခံခဲ့ရပြီးနောက် အပြစ်တွေကို ဝန်ချတောင်းပန်ခဲ့တဲ့ တောင်ကိုရီးယားနာမည်ကျော် အမျိုးသားတေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ "BIGBANG" မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ T. O. P ဟာ လတ်တလောမှာတော့ မူးယစ်ဆေးအလွန်အကျွံသုံးစွဲခဲ့တာကြောင့် ဆေးရုံမှာ ကုသမှုခံယူနေရပြီး ယနေ့ထက်တိုင် သတိကောင်းကောင်းမရသေးတာဖြစ်ပါတယ်။ T. O. P ရဲ့ ကျန်းမာရေးပြဿနာနဲ့ပတ်သက်ပြီး တောင်ကိုရီးယားမီဒီယာတွေအကြား အမျိုးမျိုးသော ဝေဖန်မှုတွေနဲ့ ရေးသားဖော်ပြချက်တွေရှိနေခဲ့ရာ လတ်တလောမှာတော့ T. O. P တက်ရောက်ကုသနေတဲ့ဆေးရုံမှ တာဝန်ရှိသူတွေက T. O. P ရဲ့ လက်ရှိကျန်းမာရေးအခြေအနေနဲ့ပတ်သက်ပြီး တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။

ဆိုးလ်မှာရှိတဲ့ အီဝှာအမျိုးသမီးတက္ကသိုလ်ဆေးရုံမှ တာဝန်ရှိသူတွေက ပြီးခဲ့တဲ့ ဇွန် ၇ ရက်မှာတော့ ယင်းတက္ကသိုလ်မှာပင် သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ခဲ့ကာ T. O. P ရဲ့ ကျန်းမာရေးအကြောင်း မီဒီယာတွေကို ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ဒီလိုပြောကြားရာမှာတော့ T. O. P ရဲ့ ရောဂါလက္ခဏာတွေအရ မူးယစ်ဆေး အလွန်အကျွံသုံးစွဲထားတာဖြစ်ကြောင်းနဲ့ စိတ်ပိုင်းဆိုင်ရာဆရာဝန်တွေနဲ့ ပြသဖို့ လိုအပ်နေကြောင်း သိရပါတယ်။

T. O. P ရဲ့ ကျန်းမာရေးအခြေအနေနဲ့ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲမပြုလုပ်မီမှာ မီဒီယာတွေက အမျိုးမျိုးရေးသားဖော်ပြခဲ့ကြတာ ဖြစ်ပါတယ်။ T. O. P တာဝန်ထမ်းဆောင်ခဲ့ရာ ရဲဌာနမှ သတင်းရင်းမြစ်တွေကို ကိုးကားဖော်ပြခဲ့ကြတဲ့ မီဒီယာတွေကတော့ T. O. P ဟာ သတိလစ်နေတာမဟုတ်ဘဲ အိပ်ပျော်နေတာဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ကြကာ ဆေးရုံမှသတင်းရင်းမြစ်တွေကို ကိုးကားခဲ့တဲ့ မီဒီယာတွေကလည်း T. O. P ဟာ သတိလစ်နေတာမဟုတ်ကြောင်း ဖော်ပြခဲ့ကြပါတယ်။ ဒါပေမယ့် T. O. P ရဲ့ မိခင်ဖြစ်သူနဲ့ အေဂျင်စီက ထုတ်ဖော်ပြောကြားချက်တွေမှာတော့ T. O. P ဟာ သတိလစ်နေတာဖြစ်ပြီး အသက်လုနေရတဲ့အခြေအနေမှာတောင် ရှိနေတာဖြစ်ကြောင်း ဖော်ပြခဲ့ကြပါတယ်။ ဒီလိုကွဲပြားချက်တွေရှိနေခဲ့တဲ့အတွက် လတ်တလောမှာတော့ ဆေးရုံက သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။

အီဝှာအမျိုးသမီးတက္ကသိုလ်ဆေးရုံမှ ဆက်ဆံရေးဌာနမှူးဖြစ်တဲ့ ကမ်ဟန်ဆိုးက "T. O. P ဟာ ဇွန် ၆ ရက် တောင်ကိုရီးယားဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၃၄ မိနစ်မှာ ဆေးရုံကိုရောက်လာခဲ့တာဖြစ်ပါတယ်။ သူ့ကို လူသုံးဦးက ပွေ့ချီလာခဲ့တာဖြစ်ပါတယ်။ တစ်ဦးက သူ့ရဲ့ခန္ဓာကိုယ်အပေါ်ပိုင်းကို ပွေ့ထားပြီး ကျန်နှစ်ဦးက ခန္ဓာကိုယ်အောက်ပိုင်းကို မကာသယ်လာခဲ့တာပါ။ အရေးပေါ်ဌာနမှ ဝန်ထမ်းတစ်ဦးက သူ့ကိုစမ်းသပ်ခဲ့ရာမှာ အိပ်မောကျနေခဲ့တာဖြစ်ပြီး သတိရလိုက်၊ လစ်လိုက်ဖြစ်နေတဲ့အခြေအနေဖြစ်နေကြောင်း တွေ့ရပါတယ်"လို့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် T. O. P ကို စမ်းသပ်မှုတွေပြုလုပ်ခဲ့ကြရာမှာတော့ ပြင်းထန်တဲ့လှုံ့ဆော်မှုတွေကိုသာ ခန္ဓာကိုယ်က တုံ့ပြန်တာကိုတွေ့ရကြောင်း၊ အသက်ရှူခြင်းနဲ့ပတ်သက်ပြီး ပြဿနာရှိနေခဲ့တာဖြစ်ကာ အောက်ဆီဂျင်ပြတ်လပ်ပြီး ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏများနေမှုကို ခံစားနေရတာဖြစ်ကြောင်းနဲ့ အရေးပေါ်လိုအပ်နေတဲ့ ကုသမှုတွေကို ညနေ ၄ နာရီ မိနစ် ၅၀ အထိ မပြတ်ပေးခဲ့ရကြောင်းလည်း ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး ကျန်းမာရေးပညာရှင်တွေက T. O. P ရဲ့ အသက်ရှူခြင်းနဲ့ ပတ်သက်တဲ့ရောဂါဟာ မူးယစ်ဆေးအလွန်အကျွံသုံးစွဲခြင်းကြောင်း ဖြစ်ခဲ့ရတာဖြစ်ပြီး ပေါ့ပ်ကြယ်ပွင့်အနေနဲ့ အာရုံကြောဆိုင်ရာ ကျွမ်းကျင်ဆရာဝန်တွေရဲ့ စောင့်ရှောက်မှုနဲ့ စိတ်ကျန်းမာရေးဆရာဝန်တွေရဲ့ ကုသမှုတွေကို ထပ်မံခံယူဖို့ လိုအပ်နေတာဖြစ်ကြောင်းလည်း အတည်ပြုပြောကြားခဲ့တယ်လို့ သိရပါတယ်။

ပါမောက္ခ ကမ်ယောင်ဂျေးကတော့ T. O. P ဟာ လုံလောက်တဲ့ ပြင်းထန်တဲ့ လှုံ့ဆော်မှုတစ်ခုကိုပေးမှသာ မျက်လုံးတွေကို ဖွင့်လာမှာဖြစ်တယ်လို့ ဆိုပါတယ်။ ဒါပေမယ့်လည်း သူဟာ အာရုံတွေကိုတော့ ပြန်လည်စုစည်းနိုင်ဦးမှာ မဟုတ်ကြောင်းနဲ့ ဒါဟာ အသက်ရှူခြင်း ဒါမှမဟုတ် ဦးနှောက်နဲ့ဆိုင်တဲ့ ပြဿနာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

အရေးပေါ်ဌာနမှ ဆရာဝန် လီဒွတ်ဟီးရဲ့ ပြောကြားချက်အရတော့ T. O. P အနေနဲ့ ကုသမှုခံယူရမယ့်အချိန်အတိုင်းအတာနဲ့ ကုသမှုခံယူသွားမယ့် အတိုင်းအတာကို အတိအကျပြောကြားနိုင်ခြင်းမရှိကြောင်းနဲ့ T. O. P နဲ့ သက်တူရွယ်တူရှိတဲ့ အလားတူလူနာတွေဟာ များသောအားဖြင့် သီတင်းတစ်ပတ်အတွင်း ပြန်လည်ကောင်းမွန်လာလေ့ရှိကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ဒီလိုသတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ပြုလုပ်ခဲ့ပြီးတဲ့နောက်မှာတော့ T. O. P ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်ဘက်ကလည်း တရားဝင်ကြေညာချက်တစ်ခုကို လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားလာခဲ့တာကို တွေ့ရပါတယ်။ ဝိုင်ဂျီက "ကျွန်တော်တို့အနေနဲ့ T. O. P ရဲ့ ရှက်စရာကောင်းပြီး ပရိသတ်တွေကို ထိခိုက်နာကျင်စေခဲ့တဲ့ စိတ်ပျက်စေခဲ့တဲ့ ပြဿနာတွေအတွက် တကယ်ကို အလေးအနက် ဦးညွှတ်ပြီး တောင်းပန်ပါတယ်" လို့ ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် T. O. P ဟာ အရေးပေါ်ဌာနကို ရောက်လာခဲ့ချိန်မှာ သတိလစ်နေခဲ့တာဖြစ်ကြောင်းနဲ့ သုံးရက်တာလုံးကုသမှုတွေကို ခံယူနေခဲ့ရတာဖြစ်ကြောင်း ဖွင့်ဟခဲ့ပါတယ်။ ဆက်လက်ပြီးအေဂျင်စီက ပရိသတ်တွေအနေနဲ့ T. O. P ရဲ့ ကျန်းမာရေး အမြန်ပြန်ကောင်းလာစေဖို့ ဆုတောင်းပေးစေလိုကြောင်းနဲ့ T. O. P ရဲ့ အပြစ်တွေအတွက် အေဂျင်စီမှာလည်း တာဝန်ရှိကြောင်း၊ အားလုံးသောဝေဖန်မှုတွေကို လက်ခံသွားမှာဖြစ်ကြောင်းနဲ့ အလားတူပြဿနာမျိုးတွေ ထပ်မံမဖြစ်ပွားစေဖို့အတွက် အစွမ်းကုန်ကြိုးပမ်းသွားမှာဖြစ်ကြောင်း ကတိပေးခဲ့တယ်လို့ သိရပါတယ်။

ဒီလိုကျန်းမာရေးပြဿနာတွေနဲ့ကြုံနေရတဲ့အချိန်မှာပဲ T. O. P ရဲ့ မူးယစ်ဆေးသုံးစွဲမှုအတွက် တရားရုံးမှာ ပထမဆုံးအကြိမ် ကြားနာရမယ့်ရက်ကိုလည်း ထုတ်ပြန်ကြေညာခဲ့တာ တွေ့ရပါတယ်။ ပထမဆုံး ရုံးတင်စစ်ဆေးသွားမယ့်နေ့ကိုတော့ လာမယ့် ဇွန် ၂၉ ရက်လို့ သတ်မှတ်ထားကြောင်း ဆိုးလ်ဗဟိုတရားရုံးက ထုတ်ပြန်ခဲ့တာဖြစ်ပြီး T.O. P ရဲ့ ကျန်းမာရေးအခြေအနေကြောင့် ရက်ရွှေ့နိုင်ကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

T.O. P အနေနဲ့ ဒီလိုကျန်းမာရေးပြဿနာတွေ၊ မူးယစ်ဆေးပြဿနာတွေနဲ့ ရင်ဆိုင်နေရချိန်မှာ "BIGBANG"ရဲ့ အခြားသောအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး အဖွဲ့ခေါင်းဆောင်တစ်ဦးလည်းဖြစ်တဲ့ G-Dragon ကတော့ သူ့ရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ် "Kwon Ji Yong"အတွက် မျက်နှာဖုံးဓာတ်ပုံနဲ့ ပါဝင်မယ့် တေးသီချင်းတွေရဲ့အမည်တွေကို ထုတ်ဖော်ပြောကြားခဲ့တာကို တွေ့ရပါတယ်။ G-Dragon က T.O. Pရဲ့ ပြဿနာနဲ့ပတ်သက်ပြီး အခြားသောအဖွဲ့ဝင်တွေကိုလည်း ဆေးစစ်စေလိုကြောင်း မီဒီယာတွေက ရေးသားဖော်ပြခဲ့တဲ့အပေါ် အဖွဲ့အတွင်း အလားတူပြဿနာမျိုးရှိလာမှာမဟုတ်ကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

**အေးပြည့် စုစည်းသည်**

# ရင်သွေးလေးတွေကို အကျော်ကြားဆုံးသော နာမည်တွေပေးခဲ့တဲ့ ကလုံနီမောင်နှံ



ဟောလိဝုဒ်ရဲ့နာမည်ကျော်ကြယ်ပွင့်မောင်နှံဖြစ်တဲ့ ဂျော့ဂျ် ကလုံနီနဲ့ အမ်မယ်ကလုံနီတို့ဟာ လတ်တလောမှာ အမြွှာရင်သွေးလေးနှစ်ဦးကို မွေးဖွားခဲ့ပြီး ရင်သွေးလေးတွေကို အမေရိကန်ပြည်ထောင်စုအတွင်း အကျော်ကြားဆုံးသော နာမည် ၂၀ စာရင်းမှာပါဝင်နေတဲ့ အမည်တွေထဲက နှစ်သက်ရာကို ရွေးချယ်ပေးခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ် ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

နာမည်ကျော်မင်းသားကြီး ဂျော့ဂျ်ကလုံနီနဲ့ ဇနီးဖြစ်သူ ဥပဒေပညာရှင် အမ်မယ်လ်တို့ဟာ မကြာသေးမီက ရင်သွေးလေးတွေကို မွေးဖွားခဲ့ကာ အမြွှာရင်သွေးလေးနှစ်ဦး(ယောကျ်ားလေးနဲ့ မိန်းကလေး)ဖြစ်ပါတယ်။ ကလုံနီစုံတွဲအတွက်တော့ လတ်တလော မွေးဖွားခဲ့တဲ့ ရင်သွေးလေးတွေဟာ ပထမဆုံးသော ရင်သွေးလေးတွေဖြစ်တယ်လို့ သိရပါတယ်။

ဂျော့ဂျ်ရဲ့ ရင်သွေးလေးတွေကို အယ်လာနဲ့ အလက်ဇန္ဒားလို့အမည်ပေးခဲ့တာဖြစ်ပြီး ယင်းအမည်တွေဟာ အမေရိကန်ပြည်ထောင်စုအတွင်း ကလေးများကိုမှည့်ခေါ်မှု အများဆုံးသော နာမည် ၂၀ စာရင်းမှာ ပါဝင်နေတဲ့ အမည်တွေဖြစ်တယ်လို့လည်း သိရပါတယ်။ အလက်ဇန္ဒားဆိုတဲ့အမည်ဟာ အကျော်ကြားဆုံးသောနာမည် ၂၀ စာရင်းမှာ ပြီးခဲ့တဲ့ ၂၀၀၀ ခုနှစ်ကတည်းက စတင်ပါဝင်နေခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်းမှာ မွေးဖွားခဲ့တဲ့ ယောကျ်ားလေး ၁၃၃၂၀ ဦးကို ယင်းအမည်မှည့်ခေါ်တာကို တွေ့ခဲ့ပြီး နံပါတ် ၁၁ နေရာမှာရှိနေတဲ့အမည်လည်းဖြစ်တယ်လို့ သိရပါတယ်။ အယ်လာကတော့ ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ်ကစတင်ပြီး အမေရိကန်နိုင်ငံရဲ့ အကျော်ကြားဆုံးသော အမည် ၂၀ စာရင်းဝင်လာခဲ့ကာ ပြီးခဲ့တဲ့နှစ်က မွေးဖွားခဲ့တဲ့ မိန်းကလေး ၇၈၆၆ ဦးကို မှည့်ခေါ်ခဲ့တာကို တွေ့ရတယ်လို့ သိရပါတယ်။

ဂျော့ဂျ်နဲ့ အမ်မယ်လ်တို့ဟာ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်း တရားဝင်လက်ထပ်ခဲ့ကြတာဖြစ်ပြီး လတ်တလောမှာမှ ပထမဆုံးသောရင်သွေးလေးတွေကို ပိုင်ဆိုင်ခွင့်ရခဲ့တာဖြစ်ကြောင်း သိရပါတယ်။ ■

# Miss Myanmar World 2017 နောက်ဆုံးပြိုင်ပွဲ ဇွန် ၁၀ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဇွန် ၈**

(၆၇)ကြိမ်မြောက် နိုင်ငံတကာမယ်ကမ္ဘာအလှမယ်ပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အရည်အချင်းပြည့်ဝပြီး ထူးချွန်ထက်မြက်သည့် အမျိုးသမီးတစ်ဦးကို ရွေးချယ်ပေးမည့် Miss Myanmar World 2017 နောက်ဆုံးပြိုင်ပွဲကို ဇွန် ၁၀ ရက်တွင် Myanmar Event Park ၌ ပြုလုပ်သွားမည်ဟု သိရသည်။

ယင်းပြိုင်ပွဲတွင် မြန်မာအမျိုးသမီးငယ်တို့၏ လှပတင့်တယ်မှု၊ ပင်ကိုစွမ်းရည်၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှု အစရှိသည့် အရည်အချင်းများအရ ဆန်ခါတင် အလှမယ် ၁၉ ဦးအနက် မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်တစ်ဦးကို စိစစ်ရွေးချယ်သွားမည်ဖြစ်သည်။

ရွေးချယ်ခံရသည့် Miss Myanmar World 2017 အလှမယ်သည် သိန်း ၃၀၀ ကျော်တန်ဖိုးရှိ ကျောက်မျက်ရတနာ ၃၀၀၀ ကျော်ဖြင့် Forever Gems မှ စိတ်ကူးပုံဖော်ပေးထားသော ကြာပန်းကနုတ်သရဖူကို ရရှိပိုင်ဆိုင်မည့်အပြင် Miss Myanmar World Organization က ပေးအပ်ချီးမြှင့်မည့် ကျပ်သိန်း ၁၀၀ ကို ရရှိမည်ဖြစ်သည်။ ရွေးချယ်ခံရသည့် အလှမယ်သည် လာမည့်ဒီဇင်ဘာလ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြုလုပ်မည့် မယ်ကမ္ဘာအလှမယ်ပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြုအနေဖြင့် ဂုဏ်ယူစွာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

**သတင်း-မေခ၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



# ဂုဏ်ယူဝမ်းမြောက်ခြင်း

မင်္ဂလာဦး မြန်မာ့ကြယ်ပဲ ထုတ်ကုန်များအား
မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာန(ဗဟို)မှ
FDA ထောက်ခံချက်အမှတ် ၀၁၅/၁၇၀၀၁/ထလ
၂၀၁၇ ခုနှစ်၊ မေလ (၉)ရက်နေ့တွင်ရရှိခဲ့ပြီးဖြစ်ပါသည်။
မြန်မာပြည်အတွင်း သီးနှံအသစ်အားစိုက်ပျိုးခဲ့ပြီး ရေရှည်ဈေးကွက်တစ်ခုရရှိအောင်
စားသောက်ကုန်အဖြစ် စနစ်တကျထုတ်လုပ်ဖြန့်ချိနိုင်ခြင်းအတွက်
"မြန်မာ့ကြယ်ပဲစိုက်ပျိုးသူများအဖွဲ့"မှ
အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

မြန်မာ့ကြယ်ပဲစိုက်ပျိုးသူများအဖွဲ့

---

**ဧည့်ခံပွဲမင်း**

June 9,16,23,30

40000 / 40000 / 55000 / 50000

---

**ကိုကျော်နိုင် CAR RENTAL**

ALPHARD, HIACE

09 25 358 2510

---

# ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)

LCCI Level I+II & III စာရင်းကိုင် သင်တန်းများ ခုံနံပါတ်ယူထားနိုင်ပြီ။ June - 17 (Sat) စမည်။

LCCI (၂၅)နှစ်ကျော်အတွေ့အကြုံကြောင့် သင်ကြားမှုပြီးပြည့်စုံစေသည်။

☎ - 09 -776349905, 978578325, 01-371741, 240824

---

## အမည်ပြောင်း

ဦးထွေးအောင်၏သမီးဖြစ်သူ မတုန်တုန် (ပထမတန်း၊ ပညာနန်းတော် ပုဂ္ဂလိကကျောင်း၊ သုဝဏ္ဏ)အား မတုန်တုန်(ခ) လှိုင်မြင့်မိုရ်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မတုန်တုန်(ခ)လှိုင်မြင့်မိုရ်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/5489 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အထက ဆင်ဖြူကျွန်း ဒသမတန်း ခွာညိုခန်း မသဥ္ဇာမျိုးညွန့်နှင့် အဌမတန်း နှင်းဆီခန်းမှ မအိသူမြင့်တို့၏ဖခင် အမည်မှန်မှာ ဦးမျိုးမြင့်အောင် [၈/စလန(နိုင်)၀၅၄၇၇၆] ဖြစ်ပါကြောင်း။

---

# ပညာချွန်

မြည်နယ် နှင့် တိုင်းဒေသကြီးများတွင်စစ်ဆေးခဲ့သော
၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇ မေးခွန်း ၅၁ စုံ

တန်းသစ် GRADE 8
အဌမတန်း
မေးခွန်းဟောင်းနှင့် စံပြအဖြေများ

ပညာဗိမာန်(ပညာချွန်) စာအုပ်တိုက်

---

မြန်မာနိုင်ငံတွင် ပထမဦးဆုံး ဖွင့်လှစ်သင်ကြားပေးမည့်

**University of Manchester + 9 တက္ကသိုလ်များ အသိအမှတ်ပြု**

International Year One နှင့် Pre-Master Programme များအကြောင်းဆွေးနွေးပွဲ

CROWN EDUCATION YANGON . MYANMAR

NCUK

June 17 (Sat) 10 AM - 12 Nooon

NOVOTEL HOTEL (Eureka Room)

Register Now : (01) 527 838, (09) 26000 40 50, (09) 26000 60 50, (09) 965 085 185

---

# MNC MYANMAR NOBLE COLLEGE

Pearson

## Higher National Diploma Course

- Civil Engineering
- Mechanical Engineering
- Electrical & Electronic Engineering
- Business
- Information Technology (IT)

အထူးအခွင့်အရေး
10% Discount

MNCEducation

UK Pearson ပညာရေးအဖွဲ့အစည်းမှ တိုက်ရိုက်ချီးမြှင့်မည့် HND Level 3 Diploma Course နှင့် HND Foundation Course (July Intake) အတွက် သင်တန်းလျှောက်လွှာများ လက်ခံနေပါပြီ။

Early Bird Promotion! Enroll before 30 - Jun - 17 and save 200,000 Ks for Level 3 and save 100,000 Ks for Foundation Course

---

# HOME GALAXY Interior Mall

Manufacturing UPVC Window & Door

- ABS Door
- UPVC Window & Door

PVC printing Sheet

Showroom 1 - Junction Square Shop-House (7), Pyay Road, Yangon. 01-2304351,2304352,2304337
Showroom II - No (15),Pyay Road & Corner of Weikzarnyinaung St, 9Mile, Yangon. 01-664675

ကြော်ငြာ


**သနိုးငွေ့ရွှေနှင့်ရောင်းရင်းများ**

Ph: 01-380141, 01-241863, 09-43043109, 09-73251422

**ASIA DRAGON** (အာရှနဂါး)

| | | | |
|---|---|---|---|
| ချောင်းသာ | 12000 | ပုဂံခရီးစဉ် | (သောကြာ) |
| ငွေဆောင် | 15000 | | |
| ကျိုက်ထီးရိုး | 10000 | ပြင်ဦးလွင်ခရီးစဉ် | (သောကြာ) |

09-30030030, 09-799100100, 09-797100100

၂၀၁၇ ခုနှစ်၊ (၇)ကြိမ်မြောက် ဖိဆိုသင်္ကန်းကပ်

ရှမ်း၊ ကယား၊ ပြည်နယ် သို့ ထူးထူးမြတ်မြတ် ဖိဆိုသင်္ကန်းကပ်

7-7-2017 မှ 10-7-2017 အထိ ၃ ညအိပ် ၄ ရက် ခရီး

သုခမိန်စာပေ 09 51 55654 / 09 765155654 / 01 - 253079

တစ်တိုင်း သင်၍ သင်တိုင်း တတ်စေရဲ့

**ဂုဏ်ထူးဦးသိန်းနိုင် ဂုဏ်ထူး မြန်မာစာ**

မြန်မာစာ အထူးသင်ကျောင်း၊

**တစ်စာကျုံး တန်းခွဲ** (ကိုယ်တိုင်သင်)

**တက္ကသိုလ်ဝင် အာမခံ ဂုဏ်ထူးတန်း သံပတ်တန်းခွဲ**

ဇွန် (၁၁)ရက် တနင်္ဂနွေနေ့ ဖွင့်မည်



# GUSTO COLLEGE

In Partnership with UNIVERSITY OF GLOUCESTERSHIRE

**UK မှ တိုက်ရိုက်ချီးမြှင့်မည့် ဘွဲ့ကြိုဒီပလိုမာ**
***July Intake* အတွက်လျှောက်လွှာခေါ်ယူခြင်း**

- တက္ကသိုလ်ဝင်တန်း စာမေးပွဲ (သို့) IGCSE အောင်မြင်ပြီးသူတိုင်း စတင်လျှောက်ထားနိုင်သည်။
- စာသင်ကာလ ၂နှစ်အတွင်း ဘာသာရပ် ၁၆ခုကို စာတွေ့လက်တွေ့ သင်ယူရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာ တက္ကသိုလ်များ ဆက်လက်တက်ရောက်ရာတွင် အဆင်သင့်ဖြစ်စေရန် English (4 skills) ကိုပါ သင်ယူရမည်ဖြစ်သည်။
- လက်တွေ့လုပ်ကိုင်တတ်စေရန် Assignment များဖြင့်စစ်ဆေးမည်ဖြစ်ပြီး အောင်မြင်ပါက UK ၏ အကြီးဆုံးပညာရေးအဖွဲ့အစည်းဖြစ်သော Edexcel မှ ချီးမြှင့်သည့် Level 5 အဆင့်ရှိ Higher National Diploma ကိုရရှိမည်ဖြစ်သည်။
- HND Diploma ရရှိပြီးပါက UK, USA, Australia, Singapore စသည့်နိုင်ငံများရှိ တက္ကသိုလ်ကြီးများ၌ ဖြစ်စေ၊ ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ နောက်ဆုံးနှစ် (၁)နှစ် တက်ရောက်ပြီး BSc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။
(နိုင်ငံတကာ တက္ကသိုလ်ကြီးများသို့ သွားရောက်သင်ယူသည့် GUSTO ကျောင်းသားတိုင်းအတွက် အထူးအခွင့်အရေး Scholarship များရရှိမည်ဖြစ်သည်။)
- ၂၀၁၇ ဇူလိုင်တန်းခွဲသစ် တက်ရောက်ရန် ဝင်ခွင့်လျှောက်လွှာနှင့်အတူ ဓါတ်ပုံ (၃)ပုံ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ မှတ်ပုံတင်မိတ္တူတို့နှင့်တကွ ယနေ့မှစ၍ လာရောက် လျှောက်ထားနိုင်ပါသည်။

*နယ်မှ ကျောင်းသူ/ သားများအတွက် အဆောင်စီစဉ်ပေးသည်။*

Call Us : (09) 862 8806, (09) 789 888 222

အမှတ် (၂၈၉/အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းဟံတားအနီး၊ ရန်ကုန်မြို့။



Yangon University of Distance Education YUDE

KMD Institute

ပညာရေးဝန်ကြီးဌာန ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် KMD Computer Group တို့ ပူးပေါင်း ဖွင့်လှစ်သည့် သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် KMD Computer Group တို့ပူးပေါင်း၍ အောက်ဖော်ပြပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

- Diploma in Business Information System
- Diploma in Network Communication
- Diploma in Web Development

၁။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်။
၂။ သင်တန်းကာလ(၉)လဖြစ်ပြီး ပညာရေးဝန်ကြီးဌာနမှ ပေးအပ်ချီးမြှင့်သော ဒီပလိုမာ အောင်လက်မှတ် ရရှိပါမည်။
၃။ Diploma in Network Communication သင်တန်းအတွက် Microsoft မှ စစ်ဆေးသော 70-410 စာမေးပွဲဖြေဆိုနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ပါသည်။
၄။ လုပ်ငန်းခွင်ဝင်ရောက်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ စီစဉ်ထားပါသည်။
၅။ ကျောင်းသား / သူဟောင်းများ၊ အစိုးရဝန်ထမ်းများ၊ ဝန်ထမ်းသား/သမီးများ အတွက် Discount နှင့် ပညာသင်ထောက်ပံ့ကြေးများ ရရှိနိုင်ပါသည်။

**ထုတ်တန်းဖွင့်လှစ်မည့်နေရာ ။ ။ အဆောင်(၀)၊ အထူးထမ်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊**
**သင်တန်းဖွင့်လှစ်မည့်နေ့ရက်။ ။ ဇွန် (၂၉)ရက်၊ ၂၀၁၇ ခုနှစ်။**

☎ ဆက်သွယ်ရန်ဖုန်း

၀၉-၂၆၂၆၀၀၂၀၁၊ ၀၁-၅၀၁၂၄၃၊ ၂၉၁၉၂၅၊ ၃၉၁၂၈၆၊ ၃၉၁၂၈၇
၅၀၂၂၁၁၊ ၅၀၂၂၃၂၊ ၅၄၁၃၂၈၊ ၃၈၄၂၆၈၊ ၅၄၆၆၀၀၊ ၂၂၁၅၅၅


သင်တန်းကြေးများ Computer နှင့် Mobile ပစ္စည်းများကို အရစ်ကျစနစ်ဖြင့်ပေးသွင်းနိုင်ပါသည်။



**CALIFORNIA UNITEC**
Institute of Engineering

Edinburgh Napier UNIVERSITY

**2017 July Intake အတွက် Foundation နှင့် B.E (Hons) တက်ရောက်မည့် ကျောင်းသူ/ကျောင်းသားများအားစတင်လက်ခံနေပါပြီ။**



**Enroll လုပ်ပြီး ကျောင်းသူ/ကျောင်းသားများ Singapore Subway Project and Excursion Trip သို့ လိုက်ပါနိုင်ပါသည်။ 3rd week of June**



ပုလဲကွန်ဒို၊ Block C နှင့် D ကြား ၊ 3F (တတိယထပ်)၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

09 250 555 558, 09 250 555 559, 09 255 71 72 30, 09 255 71 72 40, 09 421 00 55 44

www.californiaunitec.com www.facebook.com/californiaunitec


ရိုးရိုးလေး
၁၅ ကျပ်/မိနစ်
အူရီဒူး၊ MPT ၊ တယ်လီနော နံပါတ်
အားလုံးကို ခေါ်ဆိုရန်အတွက်
*777# ကိုခေါ်ဆိုပါ
စာရင်းသွင်းခ အခမဲ့
ooredoo

**သီတဂူဗုဒ္ဓပြည်ဟိန်း ဓာတ္တုဒါနဆေးရုံ ဇွန်လ ၁၇၊ ၁၈ (၈၀)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဇွန်လ ၃ ရက်တွင် ထောင်လက်ခံ၍ ဇွန်လ ၁၇၊ ၁၈ ရက်များတွင် ၈၀-ကြိမ်မြောက် ဦးရေ (၁၀၁၅၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို မျက်စိအထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင် အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူဗုဒ္ဓပြည်ဟိန်း ဓာတ္တုဒါနဆေးရုံ၊ ဗုဒ္ဓပြည်ဟိန်းကျောင်း၊ မြည်သာသာ၊ ရွှေဘ။ (ကမ္ဘာ့အေးစေတီအနီး) ဖုန်း - ၀၁-၆၅၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉၊ ၀၉-၄၄၃၀၅၆၅၆၉

ရွှေဘိုတိုင်ကမ္ဘာဘဏ် - အရှင်စမောသိရိ(သတ်)၏ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ ငွေလွှဲ၍ ထည့်သွင်းလှူဒါန်းနိုင်ကြောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။



**Regional TVET Conference 2017တွင် ပါဝင်မည့်ပြပွဲ Exhibition အတွက် Sponsorship**

**အလှူငွေများ ပေးအပ်နိုင်ပါရန်နှင့် ပါဝင်ပြသနိုင်ပါရန် ဖိတ်ခေါ်ခြင်း**

ပညာရေးဝန်ကြီးဌာန၊ နည်းပညာနှင့် သက်မွေးပညာ ဦးစီးဌာနမှ နည်းပညာနှင့်သက်မွေးပညာနှီးနှောဖလှယ်ပွဲ (TVETConference) ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ပြပွဲ Exhibition ပါ ပူးတွဲပြုလုပ်မည်ဖြစ်ပါသည်။

နည်းပညာနှင့် သက်မွေးပညာ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာရေးသင်ထောက်ကူပစ္စည်းများအား တင်သွင်းထုတ်လုပ်ဖြန့်ဖြူးသူများ၊ နည်းပညာနှင့် အင်ဂျင်နီယာ ကောလိပ်များ၊ သိပ္ပံများ၊ နည်းပညာနှင့် သက်မွေးပညာရပ်များနှင့် သက်ဆိုင်ပတ်သက်သော ကုမ္ပဏီ အဖွဲ့အစည်းများအနေဖြင့် ပြခန်းများ ပါဝင်ခင်းကျင်းပြသနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပါသည်။

လှူကြီးမင်းတို့၏ လုပ်ငန်းဌာနအဖွဲ့အစည်းများအနေဖြင့် အဆိုပါပြပွဲကြီးတွင် Sponsor အလှူငွေများ ပေးအပ်နိုင်ပါရန်နှင့် ပါဝင်ခင်းကျင်းပြသနိုင်ရန်အတွက် မေတ္တာရပ်ခံဖိတ်ခေါ်အပ်ပါသည်။

ကျင်းပမည့်အချိန် - ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ(၁၃)ရက်မှ (၁၄)ရက်နေ့အထိ

ကျင်းပမည့်နေရာ - အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC-II)၊ နေပြည်တော်

ဆက်သွယ်ရန် - ဒေါ်လှဲ့လှဲ့ထွန်း၊ ဒေါ်ဟေမာသီရိ၊ မန္တလေးနည်းပညာကုမ္ပဏီ

အဆောင်(၁၁)၊ အခန်း(၅၀၄)၊ MICT Park လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁-၆၅၂၂၈၅~၈၆၊ ၀၉-၈၇၇၂၀၀၁၂၄

MANDALAY Technology

မှပံ့ပိုးစီစဉ်သည်။



၄-တန်းမှ ၈-တန်းအထိ အင်္ဂလိပ်စာ (နှစ်ပေါက်သင်တန်း)တွင်
*Essay, Letter* ရေးနည်းစာနှင့်ဆက်စပ်၍ *Speaking* သင်သည်။
ဆရာမွေး(အင်္ဂလိပ်စာ)၏သမီး

**ဆရာမဒွေးစန္ဒာလွင်**

B.A (Hons), M.A (English)

ဝက်ထူးထွက်၍ သွက်လက်စွာပြောတတ်မည်

၂၂၃ ပန်းဆိုးတန်း(ထက်)လိုဟာတာအဆင်း မီးပွိုင့်အနီး ရန်ကုန်မြို့

Ph: 01-375970, 09-5080104, 09-5047516



23 မဆလာ

ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ကောက်ညှင်း ငါး၊ ကြက်သား၊ ဝက်သား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။



**ကွန်ဒို/တိုက်ခန်းရောင်းမည်(ပွဲစားမလို)**

၁။ ပေကျယ် (၂၅×၅၀)၊ ပဉ္စမထပ်၊ ကျွန်းပါကေး၊ MBR(1), BR(1)၊ A/C(3)၊ လိုင်းဖုန်း၊ ပြင်ဆင်ပြီးကွန်ဒိုတိုက်ခန်းသစ်၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း(နေရာကောင်း)။

၂။ ပေကျယ်(၁၅×၅၀)၊ ဒုတိယထပ်၊ ပါကေး၊ ကြွေပြား၊ သံပန်းဆန်းရှိတ်၊ ဘိုထိုင်၊ BR(1)၊ ဂျတ်ဆင်ဘုတ်အလှ၊ ရေမီးစုံ၊ ပြင်ဆင်ပြီး၊ စမ်းချောင်းမြို့နယ်၊ မင်းလမ်း (ဗဟိုလမ်းမနီး)။

**ဝယ်သူသာဆက်သွယ်ရန်ဖုန်း-095185350, 095661127**






ခရင်းအမည်ပြောင်း

မဂ်လာပါ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296









**" ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက် "**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း အမှတ် (၁၈၄/၁ဘီ)တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်း ဆောင်ရွက်လျက်ရှိသော **Taung Pyar Dan Co., Ltd.** သည် အောက်ဖော်ပြပါဘူးဒီဇိုင်းပုံစံအမှတ်တံဆိပ်များကို ကုမ္ပဏီမှပိုင်ဆိုင်အဖြစ်သုံးစွဲရန် ရန်ကုန်တိုင်းဒေသကြီးစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းကြေညာခဲ့ပြီး ဖြစ်ပါသည်။




( IV-၄၉၉၈/၂၀၁၇ ) ( IV-၄၉၉၉/၂၀၁၇ ) ( IV-၅၀၀၀/၂၀၁၇ ) ( IV-၁၅၅၀၄/၂၀၀၆ ) ( IV-၁၅၅၀၈/၂၀၀၆ ) ( IV-၁၅၂၂၂/၂၀၀၆ ) ( IV-၁၅၂၂၇/၂၀၀၆ )

**Taung Pyar Dan Co., Ltd.** သည် အထက်တွင်ကပ်နိုင်ဖော်ပြထားသောဘူးဒီဇိုင်းပုံစံပါ အမှတ်တံဆိပ်များကို အသုံးပြု၍ **" စားသောက်ကုန်ပစ္စည်းအမျိုးမျိုး "** တို့ကို ထုတ်လုပ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချသွားမည် ဖြစ်ပါသည်။

သို့ပါ၍အဆိုပါဘူးဒီဇိုင်းပုံစံပါ အမှတ်တံဆိပ်များ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ဆင်တူယိုးမှား ပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှားတူပမြုလုပ်၍သော် လည်းကောင်း ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ — ဦးသွင်ဇာနည်ဦး(အထက်တန်းရှေ့နေ)(စဉ်-၄၈၄၃၄) — ဦးဟိန်းစိုး(တရားလွှတ်တော်ရှေ့နေ)(စဉ်-၅၃၄၀)

အမှတ်-(၁၇၆/၁၇၈)၊ ပထမထပ်၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့။ ဖုန်း- ၃၉၃၂၈၄၊ ၃၉၃၂၈၅၊ ၂၉၆၀၃၂




**အဆင့်မြင့်ပြင်ဆင်ပြီး**
**တိုက်ခန်းသစ်ရောင်းရန်ရှိသည်**

ရေကျော်(ပုဇွန်တောင်)၊ ဒေါနလမ်း၊ ပေ(၁၄×၆၅)၊ ၈ထပ်ခွဲတိုက်၊ ၈လွှာ (ခေါင်းရင်းခန်း)၊ (ဓာတ်လှေကားပါ)၊ MBR(1), BR(1), Living(Vinylပါကေးခင်း), Kitchen, Batch & W/C(ကြွေပြား)၊ မီးဖိုခုံ(Basin အပါ)၊ Video Intercom, Satellite System, ရေပူရေအေးစက်, Design Ceiling။

(ဘဏ်နှင့်ချိတ်ဆက်၍ (၁၀)နှစ် အရစ်ကျစနစ်ဖြင့်လည်း ဝယ်ယူနိုင်၊ ပိုင်ရှင်ကိုယ်တိုင် တိုက်ရိုက်ဖြင့်လည်း ငွေပေးချေနိုင်ပါသည်။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၈၃၀၂၀၀၀၊ ၀၉-၈၃၀၂၈၈၈၊ ၀၉-၈၃၀၃၈၈၈**

**" တိုက်ခန်း အမြန်ရောင်း/ငှါးမည် "** (ပွဲစားမရှိ)

| | | | | |
|---|---|---|---|---|
| ၁။Orchid Condo | (1780Sqft) | Lift | M3,A/C4,ပြင်ပြီး | ညှိနှိုင်း |
| ၂။Delta Plaza | (1680Sqft) | Lift | M2,B1,A/C3,furn | 2500L |
| ၃။မော်တင် Tower | (2250Sqft) | Lift | M1,B2,F-F,ပြင်ပြီး | US3000 |
| ၄။စေတီတော်လမ်းကွန်ဒို | (4000Sqft) | Lift | M5,F-F,ပြင်ပြီး | US3500 |
| ၅။Hill Top Vista | (1571Sqft) | Lift | M1,B2,F-F | US2500 |
| ၆။Golden City Condo | (1687Sqft) | Lift | M1,B2,F-F,ပြင်ပြီး | US2400 |
| ၇။ကမ္ဘာအေး Villa | (2200Sqft) | Lift | M2,B2,F-F,ပြင်ပြီး | 23L |

**Ph: 01 510950, 09 5012951, 09 5185539**

**ပြင်ဆင်ဖတ်ရှုပါရန်**

**ရောင်းမည်**
သယ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၃)(၆)(၈)(၉)လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိတိုက်ခန်းများကို အမြန် ရောင်းမည်။ (B.C.C ၊ မီတာရရှိပြီး)
**ဖုန်း။ 09-254111883, 09-785401011**

မှခင်းအာရှုရာယ် ကြိုတင်ကာကွယ်နိုင်ကြစို့ မှခင်းအသိပညာရရှိစေဖို့
**မှုခင်း** အမှတ်စဉ်( L/15 )ယနေ့ထွက်ပြီ
ရှုထောင့်ဂျာနယ် ဖတ်ကြစို့ Ph-01-397164, 01-9000017

**ကုန်အမှတ်တံဆိပ် မှတ်ပုံတင်အသိပေးကြေညာခြင်း**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၄၂၀)၊ ဦးမြင့်ဆွေ[၉/မရမ(နိုင်)၀၄၂၅၈၉]၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ပူးတွဲဖော်ပြပါ “TOP TEN”ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မန္တလေးမြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်(၂၆၆၄/၂၀၁၆)အရ တစ်ဦးတည်းမူပိုင်အဖြစ် ဥပဒေနှင့်အညီ မှတ်ပုံတင်သွင်းကြေညာခဲ့ပြီး အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ ကလေးဝတ် Fashion အဝတ်အထည်အမျိုးမျိုး၊ ဘောင်းဘီအမျိုးမျိုး၊ ဦးထုပ်အမျိုးမျိုး၊ ပုဆိုးအမျိုးမျိုး၊ ယောကျ်ားလေးဝတ်၊ မိန်းကလေးဝတ်၊ ကျောင်းဝတ်စုံအမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပါသည်။

TOP TEN THE BEST QUALITY
မှတ်ပုံတင်စာချုပ်အမှတ်(၂၆၆၄/၂၀၁၆)

အထက်ပါ “TOP TEN”ကုန်အမှတ်တံဆိပ်ဖြင့် ချုပ်လုပ်ပြီးသည့် အထည်အမျိုးမျိုးတို့အပေါ်တွင်လည်းကောင်း၊ ထုပ်ပိုးပစ္စည်းအရွယ်အစားအမျိုးမျိုးတို့အပေါ်တွင်လည်းကောင်း၊ ပလတ်စတစ်အိတ်၊ စာရွက်စာတမ်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ ကြော်ငြာ၊ တံဆိပ်တုံး၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်၊ လက်ကမ်းကြော်ငြာ၊ ပိုစတာများ၊ Website များနှင့် Social Media အမျိုးမျိုးတို့တွင်လည်းကောင်း၊ တွယ်ကပ်-ကပ်နှိပ်-ရိုက်နှိပ်-ဖိနှိပ်၍ ထုတ်လုပ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် လက်လီလက်ကား ဖြန့်ဖြူးရောင်းချသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပူးတွဲဖော်ပြပါ “TOP TEN”ကုန်အမှတ်တံဆိပ်ဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တုပ၍ ပုံသဏ္ဍာန်တူအောင်ဖြစ်စေ၊ အများပြည်သူထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားဖြစ်စေ၊ အတုအပ ထုတ်လုပ်သုံးစွဲ၊ ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ အတုအပ ထုတ်လုပ်သုံးစွဲဖြန့်ဖြူးရောင်းချနေကြောင်း တွေ့ရှိရပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးပြည့်ဖြိုးမောင်မောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၄၉) LL.B,LL.M,DBL**
**အမှတ်(၁၈၉)၊ လမ်း-၈၀၊ ၁၉×၂၀လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၇၉၇၁၇၂၇၁၁၊ ၀၉-၉၇၀၁၀၉၀၁၀**

**ကုန်အမှတ်တံဆိပ် ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း**

POLAR
(မှတ်ပုံတင်အမှတ် - ၄/၆၃၈၉/၂၀၁၇)

MPD
(မှတ်ပုံတင်အမှတ် - ၄/၆၃၉၀/၂၀၁၇)

လွှဲအပ်ညွှန်ကြားချက်အရ - ဦးသန်းစိုး ( B.Sc., H.G.P., R.L ) တရားလွှတ်တော်ရှေ့နေ(စဉ်-၄၀၀၇)

# အီးယူ၏တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများကိုကြိုဆိုပြီး နည်းပညာနှင့် ကျွမ်းကျင်မှုများလည်း ဝင်ရောက်လာနိုင်ရန်မျှော်လင့်

**နေပြည်တော် ဇွန် ၈**

MYANMAR-EU ECONOMIC FORUM ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ KEMPINSKI ဟိုတယ်၌ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်၊ ဦးဝင်းခိုင်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီးနှင့် ကိုယ်စားလှယ်များ၊ ဥရောပကုန်သည်ကြီးများအသင်းမှ ကိုယ်စားလှယ်များ၊ စီးပွားရေးပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက ယခုဖိုရမ်ကို အပြန်အလှန်ကုန်သွယ်မှုနှင့် မြန်မာနိုင်ငံအတွင်း အီးယူ၏ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေးအတွက် အဓိကရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနှင့် အီးယူအကြား ကုန်သွယ်ရေးတိုးမြှင့်မှုနှင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုတို့အတွက် ဆန်းသစ်သည့်အကြံဉာဏ်များကို ယခုဖိုရမ်၌ ဆွေးနွေးကြဆနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

# ကြည့်မြင်တိုင်မြို့နယ်ရှိ ရပ်ကွက်အချို့ မြေအောက်ရေငန်များ ထွက်ရှိခြင်းကြောင့် သောက်ရေအခက်ကြုံနေ

**ရန်ကုန် ဇွန် ၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြစ်တစ်ဖက်ကမ်းရှိ ကြည့်မြင်တိုင်မြို့နယ် ရပ်ကွက်အချို့တွင် မြေအောက်ရေငန်များထွက်ရှိသည့်အတွက် သောက်ရေအခက်ကြုံနေကြောင်း အဆိုပါမြို့နယ်အတွင်းရှိ အလတ်ချောင်းရပ်ကွက် ဒေသခံများထံမှ သိရသည်။

"ကျွန်တော်တို့ဆီမှာ ဘုံပိုင်တွေက ပေ ၁၀၀ ဝန်းကျင်လောက်ဆိုရေရပြီ။ ရေငန်မြစ်ဖြစ်တာရယ်၊ ပင်လယ်နဲ့နီးတာရယ်ကြောင့် သောက်ဖို့အတွက် အဆင်မပြေဘူး"ဟု အလတ်ချောင်းရပ်ကွက်နေ အောက်ရုံနှင့် စက်ဆန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသောင်းလွင်ကပြောသည်။

ကမ္ဘာ့ရေထု၏ ၉၇ ဒသမ ၅ ရာခိုင်နှုန်းသည် သောက်၍မရသည့် ပင်လယ်သမုဒ္ဒရာရေငန်များဖြစ်ပြီး ကျန် ၂ ဒသမ ၅ ရာခိုင်နှုန်းသည် ရေချိုဖြစ်သော်လည်း **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❂

# လက်ရွေးစင် ကရာတေးဒိုကစားသမားများ လက်ရည်စစ်ပြိုင်ပွဲ ကျင်းပမည်

**မန္တလေး ဇွန် ၈**

မလေးရှားနိုင်ငံတွင် ဩဂုတ်လ၌ ကျင်းပမည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ကရာတေးဒိုအားကစားသမားများသည် Outlet Camp အဖြစ် မန္တလေးမြို့သို့ရောက်ရှိ၍ (၇၈) လမ်း၊ (၂၅)လမ်း×(၂၆)လမ်းကြားရှိ JKA Mandalay T.T Karatae Club တွင် ယနေ့ညနေပိုင်းက လေ့ကျင့်လျက်ရှိသည်။ အဆိုပါ ကရာတေးဒိုလက်ရွေးစင်အားကစားသမားများသည် ဇွန် ၁၀ရက်တွင် ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်းရှိ လက်ဝှေ့အားကစားခန်းမရုံသစ်၌ Tri Match ပွဲကို ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ကရာတေးဒိုအားကစားဝါသနာရှင်များအနေဖြင့် လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း မန္တလေးတိုင်းဒေသကြီး ကရာတေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ထံမှ သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**



Y-8 လေယာဉ်၏ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြစဉ်။

# Y-8 တပ်မတော်ပို့ဆောင်ရေးလေယာဉ် အစိတ်အပိုင်းနှင့် ရုပ်အလောင်းများ ရှာဖွေတွေ့ရှိ

## တပ်မတော်(ရေ) စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများပူးပေါင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့

**နေပြည်တော် ဇွန် ၈**

ဇွန် ၇ ရက်မွန်းလွဲပိုင်းက အဆက်အသွယ်ပြတ်တောက်ပြီး ပျောက်ဆုံးခဲ့သည့် တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်အား တပ်မတော်(ရေ)မှ စစ်ရေယာဉ်များ၊ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ၊ မြေပြင်တပ်များက ဒေသခံပြည်သူများ၊ ဒေသခံရေယာဉ်များနှင့်ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၈ နာရီ ၁၈ မိနစ်တွင် တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်၏ အစိတ်အပိုင်းအချို့နှင့် ရုပ်အလောင်းအချို့အား ကျောက်နီမော်ကျေးရွာ၏အနောက်ဘက် ၁၄ မိုင်ခန့်၊ လောင်းလုံးမြို့၏ အနောက်တောင်ဘက် ၂၂ မိုင်ခန့်အကွာ ပင်လယ်ပြင်အတွင်း စတင်ရှာဖွေတွေ့ရှိခဲ့သည်။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသည့် အမြန်သွားတိုက်ခိုက်ရေး စစ်ရေယာဉ်တစ်စင်းက အဆိုပါနေရာတွင် လေယာဉ်ဘီးတစ်ခု၊ အမျိုးသားရုပ်အလောင်း တစ်လောင်း၊ အမျိုးသမီးရုပ်အလောင်း တစ်လောင်း၊ ကလေးရုပ်အလောင်း တစ်လောင်းနှင့် **စာမျက်နှာ ၉ ကော်လံ ၃ သို့** ○

